## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
## (၁၈) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
## (၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၄ ဦးရှိတဲ့အနက် ၃၄၀ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၀.၁၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့မှာ အစည်းအဝေးမတက်ရောက်နိုင်၍ ခွင့်ပန်ကြားသူများကို လွှတ်တော်အခွင့်အရေးကော်မတီမှ တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ကိုယ်စားလှယ် ၄၂၄ ဦးဖြစ်ပြီးတော့ တက်ရောက်တဲ့ကိုယ်စားလှယ်က ၃၄၀ ဦးဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူစုစုပေါင်း ၈၄ ဦး ဖြစ်ပြီးတော့ ယခင်က ခွင့်ပန်ကြားသူ ၁၃ ဦးဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူ ၇၁ ဦးဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၂) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁ ရက်၊

(၃) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၃ ရက်၊

(၄) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၅) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၆) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၁၁ ရက်၊

(၇) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၁ ရက်၊

(၈) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၉) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၁၀) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ခွင့် ၁ ရက်၊

(၁၁) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိန်း ခွင့် ၁ ရက်၊

(၁၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၅ ရက်၊

(၁၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၁၄) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၂ ရက်၊

(၁၅) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဒွေး ခွင့် ၅ ရက်၊

(၁၆) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၁၇) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၂ ရက်၊

(၁၈) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၁၉) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၅ ရက်၊

(၂၀) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၃ ရက်၊

(၂၁) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၅ ရက်၊

(၂၂) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၅ ရက်၊

(၂၃) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တယ်ဝင်(ခ)ဦးကျန်တဲဝမ် ခွင့် ၅ ရက်၊

(၂၄) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဒွေး ခွင့် ၅ ရက်၊

(၂၅) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၁ ရက်၊

(၂၆) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့် ခွင့် ၁ ရက်၊

(၂၇) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၁ ရက်၊

(၂၈) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၂၉) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၃၀) နမ့်စန်မဲဆန္ဒနယ်မှ ဦးဒွေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၃၁) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၃၂) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၂ ရက်၊

(၃၃) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၃၄) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၃၅) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၃၆) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်၊

(၃၇) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၃၈) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၃၉) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်၊

(၄၀) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၄၁) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၅ ရက်၊

(၄၂) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၂ ရက်၊

(၄၃) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၄၄) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၅ ရက်၊

(၄၅) မြိတ်မဲဆန္ဒနယ်မှ ဦးဒွေးမြင့် ခွင့် ၃ ရက်၊

(၄၆) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၅ ရက်၊

(၄၇) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၂ ရက်၊

(၄၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၄၉) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊

(၅၀) မကွေးမဲဆန္ဒနယ် ဦးမြင့်သိန်း ခွင့် ၃ ရက်၊

(၅၁) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၅၂) ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာ ခွင့် ၁ ရက်၊

(၅၃) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၅ ရက်၊

(၅၄) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၅၅) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၅၆) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၁ ရက်၊

(၅၇) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၂ ရက်၊

(၅၈) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၅၉) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၆၀) မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း(ခ)ဦးထွန်းသိန်း ခွင့် ၁ ရက်၊

(၆၁) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၂ ရက်၊

(၆၂) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၂ ရက်၊

(၆၃) မိုးညှိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၆၄) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၁ ရက်၊

(၆၅) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၄ ရက်၊

(၆၆) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်း ခွင့် ၄ ရက်၊

(၆၇) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၃ ရက်၊

(၆၈) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးဆောင်ဆီ(ခ)ဦးနယ်လ်ဆင် ခွင့် ၁ ရက်၊

(၆၉) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၅ ရက်၊

(၇၀) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၅ ရက်နှင့်

(၇၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ကိုကို ခွင့် ၂ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၄ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၇၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်ပါမယ်။

**လယ်သမားများထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုမှတ်ပုံတင်လက်မှတ်များရောက်ရှိရေးအတွက် မည်သို့ ဆောင်ရွက်မည်၊ မြေတိုင်းတာရာတွင် အထောက်အကူပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်း၊ ဝန်ထမ်း လိုအပ်ပါက ခန့်အပ်ခြင်းစသည့် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော် များခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ ဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်၊ သြဂုတ်လ ၂၅ ရက်နေ့က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ကျင်းပခဲ့သည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့မှ လယ်ယာမြေစီမံခန့်ခွဲမှု အတွင်းရေးမှူးများ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးမှ တောင်သူလယ်သမားတစ်ဦးချင်း၏လက်ဝယ်သို့ လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုမှတ်ပုံတင်လက်မှတ်များကို ၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးအောင် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်နှင့်တိုင်းဒေသ ကြီးအသီးသီးတို့က တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့အထိနေပြည် တော်ကောင်စီတွင်ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း အချို့သော ပြည်နယ်/တိုင်းဒေသကြီးများအတွက် လုပ်ငန်းတာဝန်ကို စိတ်ဝင်တစားအလေးထားမှု အားနည်း

နေသောကြောင့် ၁၀ ရာခိုင်နှုန်းလောက်သာ ပြီးစီးမှုကိုတွေ့ရှိရကြောင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်များ အချိန်မီမရရှိသည့်အတွက် အချို့နေရာများတွင် စိုက်ပျိုးစရိတ်ချေးငွေများ ချေးယူရရှိမှုအတွက် အခက်အခဲရှိနေကြောင်းတွေ့ရှိရပါတယ်။ သို့ပါ၍ အောက်ပါမေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးရှိလယ်သမားများထံ လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်၊ မှတ်ပုံတင်လက်မှတ်များရောက်ရှိရေးအတွက် မည်သို့ဆောင်ရွက်မည်နည်း။ မြေတိုင်းတာသည့်နေရာတွင် အသုံးပြုနိုင်သည့်အထောက်အကူပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်း၊ ဝန်ထမ်းလိုအပ်ပါက နေ့စားဝန်ထမ်းများခန့်အပ်ခြင်း သို့မဟုတ် ကျေးရွာအထောက်အကူပြုအဖွဲ့များထံမှ အကူအညီတောင်းခံခြင်းစသည့်အစီအစဉ်များရှိ/မရှိသိရှိလိုကြောင်းမေးမြန်းအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ၏ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လယ်ယာမြေဥပဒေကို ၃၀-၃-၂၀၁၂ ရက်နေ့မှာ အတည်ပြုထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးတဲ့နောက် ၃၁-၈-၂၀၁၂ ရက်နေ့မှာ စတင်အာဏာသက်ရောက်စေခဲ့ပြီးဖြစ်ပါတယ်။ လယ်ယာမြေဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ (က) အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၁၂-၉-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၂) ဖြင့်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်းနှင့် ဥပဒေနှင့်အညီ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂) ဖြင့် ဖွဲ့စည်းခဲ့ပြီး၊ ယင်းတို့ရဲ့ တာဝန်နှင့်

လုပ်ပိုင်ခွင့်များကိုလည်း အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂) ဖြင့် သတ်မှတ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

တောင်သူလယ်သမားများ၏ လယ်ယာမြေများကို သားစဉ်မြေးဆက်အဆက်ဆက်တိုင်အောင် ဥပဒေနှင့်ညီညွတ်စွာ လုပ်ပိုင်ခွင့်ရရှိနိုင်ရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများအား တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ အနီးကပ်ကြီးကြပ်မှုဖြင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းအား လယ်ယာမြေဥပဒေအရ မှတ်ပုံတင်ကြေးငွေကို ဦးပိုင်လုပ်ကွက်တစ်ကွက်လျှင် ကျပ် ၅၀၀ နှုန်းပေးသွင်းရန်မှအပ အခြားမည်သည့်အခကြေးငွေမှ ကျခံပေးသွင်းရန်မလိုဘဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၆-၆-၂၀၁၃ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်တဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ နိုင်ငံတော်သမ္မတကြီးမှ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးရန် လုပ်ငန်းအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန် လမ်းညွှန်မှုပြုထားပြီးဖြစ်သည့်အပြင် ၉-၈-၂၀၁၃ ရက်နေ့ သမ္မတအိမ်တော်၌ ပြောကြားခဲ့သည့်မိန့်ခွန်းတွင်လည်း တောင်သူလယ်သမားများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ၎င်းတို့ လုပ်ပိုင်ခွင့်၊ ရောင်းချခွင့်၊ ပေါင်နှံခွင့်များရရှိလာပြီး ချေးငွေရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝတိုးတက်လာမည်ဖြစ်၍ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်ဟု လမ်းညွှန်မှုပြုပြောကြားခဲ့ပြီးဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်မြင်စေရေးအတွက် နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်များရှိ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနရုံးများမှာ လစ်လပ်လျက်ရှိတဲ့ ကွင်းဝန်ထမ်းနေရာများအတွက် မြေတိုင်း-၅ ရာထူးဝန်ထမ်း ၁၆၀၀ ဦးအား ၁-၃-၂၀၁၃ ရက်နေ့မှစတင်၍ ခန့်ထားဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အပြင် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးများသို့ ကျေးရွာအုပ်စု ၂ အုပ်စုလျှင် နေ့စားဝန်ထမ်း ၁ ဦးနှုန်းကို Project Labour အနေဖြင့် ၁-၈-၂၀၁၃ ရက်နေ့မှစ၍ နေ့စားဝန်ထမ်း (ယာယီ) ၃၇၇၅ ဦးအား ၃ လခန့်ထားခွင့်ပြုခဲ့ပြီး သက်ဆိုင်ရာ

တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ ခရိုင်/မြို့နယ်အလိုက် ခွဲဝေခန့်ထားပြီးဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၌ လက်ရှိမြေတိုင်းတာသည့်စနစ်နှင့်ပတ်သက်၍ ယခင်က သီအိုဒိုလိုက်မှန်ပြောင်းနှင့် သံကြိုးများအသုံးပြုပြီး မြေတိုင်းတာဆောင်ရွက်ခဲ့ရပါကြောင်း၊ ယခုအချိန်တွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအနေနဲ့ ခေတ်မီမြေတိုင်းကိရိယာများဖြစ်တဲ့ မြေပြင်ကွင်းဆင်းတိုင်းတာစဉ် ဂြိုလ်တုစနစ်ကို အသုံးပြု၍ အချိန်နှင့်တစ်ပြေးညီ အမှားချေဖျက်နိုင်တဲ့ RTK ( Real Time Kinematic) GPS (RTK- GPS) မြေတိုင်းကိရိယာများ၊ ဒီဂျစ်တယ်စနစ်အသုံးပြုသည့် ခေတ်မီမြေတိုင်းမှန်ပြောင်းများဖြစ်တဲ့ Total Station မြေတိုင်းကိရိယာများကို ကိုင်တွယ်အသုံးပြု၍ မြေကြီး၊ မြေပုံမှန်ကန်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအသုံးပြုနေသည့် ခေတ်မီမြေတိုင်းပစ္စည်းကိရိယာများမှာ ခေတ်မီစနစ်များဖြစ်တဲ့ အမေရိကန်နိုင်ငံမှ ကမ္ဘာ့မြေပြင်အထက်သို့တင်လွှတ်ထားတဲ့ ဂြိုလ်တု ၂၄ လုံးနှင့် ဆက်သွယ်ဆောင်ရွက်တဲ့ Global Positioning System (GPS) စနစ်၊ ရုရှားနိုင်ငံမှ လွှတ်တင်ထားတဲ့ ဂြိုလ်တု ၃၁ လုံးကိုဆက်သွယ်တဲ့ Global Navigation Satellite System စနစ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလွှတ်တင်ထားတဲ့ ဂြိုလ်တု ၁၅ လုံးနှင့် ဆက်သွယ်အသုံးပြုတဲ့ COMPASS စနစ်များကို ချိတ်ဆက်အသုံးပြုသောစနစ်များဖြစ်ပါကြောင်း၊ အထက်ပါစနစ်များနှင့်ဆက်သွယ်၍ ကမ္ဘာ့မြေပြင်တည်နေရာများကို တိကျစွာဖော်ပြနိုင်တဲ့ ခေတ်မီမြေတိုင်းကိရိယာများကို အသုံးပြုတိုင်းတာခြင်းဖြင့် အချိန်၊ လူအင်အား၊ ငွေအင်အားသက်သာစွာဖြင့် မှန်ကန်မြန်ဆန်စွာ တိုင်းတာနေပြီဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်တွင်ပါရှိတဲ့ မြေတိုင်းတာသည့်နေရာမှာ အသုံးပြုနိုင်တဲ့အထောက်အကူပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတွင် ခေတ်မီမြေတိုင်းကိရိယာများဖြစ်သည့် RTK- GPS၊ Total Station ၂၅ စုံတို့အား ဌာန၏ငွေလုံးငွေရင်းအသုံးစရိတ်မှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဝယ်ယူခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်မြေစာရင်းဦးစီးများသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခေတ်မီမြေတိုင်းကိရိယာများဖြစ်တဲ့ RTK- GPS၊ Total Station အစုံ ၁၀၀ တို့ကိုအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူရန်စာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါတယ်။ ပစ္စည်းများလက်ဝယ်ရောက်ရှိလာပါက လိုအပ်တဲ့ပစ္စည်းအရည်အသွေး စစ်ဆေးမှုများပြုလုပ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဝေသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဧရာဝတီ

တိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ မိုးနဲမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ မောက်မယ်မြို့နယ်များရှိ မြေပြင်ကွင်းဆင်းတိုင်းတာရန် ခက်ခဲတဲ့ဒေသများအတွက် ၀.၅ မီတာ Resolution ရှိ World View 2 ဂြိုလ်တုပုံရိပ်ကို ၁၀၀၀၀ စတုရန်းကီလိုမီတာအတွက် မြေပုံရေးဆွဲထုတ်လုပ်ရန်ဝယ်ယူခဲ့ပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းများကို တစ်နိုင်ငံလုံးတွင် ၁-၁-၂၀၁၃ ရက်နေ့မှစတင်ပြီး ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ တောင်သူလယ်သမားများလက်ဝယ်အရောက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ၈၆.၉၁ ရာခိုင်နှုန်းထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ၁၀၀ ရာခိုင်နှုန်းထုတ်ပေးပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၆ ခု၊ ၈၀ ရာခိုင်နှုန်းအထက် ၇ ခု၊ ၇၀ ရာခိုင်နှုန်းအထက် ၁ ခုနှင့် ၄၈ ရာခိုင်နှုန်း ရခိုင်ပြည်နယ် ၁ ခုသာလျှင် ကျန်ရှိပါတယ်။ ရာနှုန်းပြည့်ပြီးစီးသည်အထိ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းချက်နှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အပါအဝင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တောင်သူလယ်သမားများလက်ဝယ်အရောက် ရရှိစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားသွန်ခွန်စိုက်မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်ထောင်စုတစ်ဝန်းလုံး၌ နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရအကန့်အသတ်ကြောင့် ကျန်ရှိနေနိုင်သည့်နယ်မြေဒေသများနှင့် အငြင်းပွားကန့်ကွက်ကြတဲ့ လယ်ယာမြေများမှအပ ရာနှုန်းပြည့်အကောင်အထည်ဖော်ပြီးစီးရေးအတွက် စဉ်ဆက်မပြတ် တစ်စိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ပဲခူးမြို့နယ် ထန်းတောကြီးတိုက်နယ်နှင့် ဇောင်းတူတိုက်နယ်အတွင်းရှိ ကျေးရွာများတွင် မိုဘိုင်းဖုန်းများ အဆင်ပြေစွာ အသုံးပြုနိုင်ရေးအတွက် တာဝါတိုင်များစိုက်ထူပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြင်သိန်း(ပဲခူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြင်သိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်းမှာရှိတဲ့ ထန်းတောကြီးတိုက်နယ်နဲ့ ဇောင်းတူတိုက်နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု ၁၀ စု၊ ကျေးရွာပေါင်း ၄၄ ရွာ၊ လူဦးရေပေါင်း ၂၉၉၁၅ ဦးအတွက် နိုင်ငံတော်အစိုးရကနေပြီးတော့ တန်ဖိုးနည်းလက်ကိုင်ဖုန်းများ ခွဲတန်းအရ ချထားပေးခဲ့ပါတယ်။ ဒီကိစ္စအတွက် ကျေးလက်နေပြည်သူများက နိုင်ငံတော်အစိုးရကို ကျေးဇူးအထူးတင်လျက် ဝမ်းမြောက်ဝမ်းသာရှိနေကြပါတယ်။ သို့ပါသော်လည်းပဲ ဖုန်းလိုင်းများမမိခြင်းကြောင့် အခက်အခဲများနဲ့ ရင်ဆိုင်နေကြရပါတယ်။ ငွေကြေးပြည့်စုံသူတချို့ကတော့ Antenna တိုင်ထောင်ပြီးတော့ ဖုန်းပြောနိုင်သော်လည်းပဲ အများစုက ဖုန်းပြောမရဖြစ်နေပါတယ်။ ကျွန်တော်တို့ ဒီကျေးရွာများဟာ တော်လှန်ရေးကောင်စီလက်ထက်ကတည်းက ဒီနယ်မြေဖွံ့ဖြိုးရေးအတွက် အရေးပေးဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ အမည်တောင်မှ အလင်းရောင်နယ်မြေလို့ သတ်မှတ်ပြီးတော့ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ ကျွန်တော်တို့ ဖွင့်လှစ်ပေးခဲ့တဲ့နယ်မြေဖြစ်ပါတယ်။ အခုတော့ လက်ကိုင်ဖုန်းတွေရသော်လည်းပဲ ပြောမရဖြစ်တဲ့အတွက် ကျွန်တော်တို့ အလွယ်တကူ အဆင်ပြေစွာပြောနိုင်ဖို့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စတွေမှာ ဆောင်ရွက်နိုင်ဖို့အတွက် တာဝါတိုင်များထောင်ပေးရန် အလိုရှိနေကြပါတယ်။ သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းမှာရှိတဲ့ နယ်မြေဖွံ့ဖြိုးမှုနည်းပါးနေတဲ့ ဇောင်းတူတိုက်နယ်နဲ့ ထန်းတောကြီးတိုက်နယ်အတွင်းမှာရှိတဲ့ ကျေးရွာပြည်သူများ လက်ကိုင်ဖုန်းတွေကို အဆင်ပြေစွာပြောဆိုနိုင်ဖို့အတွက် တာဝါတိုင်များစိုက်ထူပေးနိုင်ခြင်းရှိ/မရှိနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကျေးလက်နေမဲဆန္ဒရှင်များရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ဖော်ပြပါအတိုင်း မေးခွန်းမေးမြန်းအပ်ပါတယ်။

နံပါတ်(၁) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်းမှာရှိတဲ့ ထန်းတောကြီးတိုက်နယ်နဲ့ ဇောင်းတူတိုက်နယ်အတွက် လက်ကိုင်ဖုန်းတွေ အသုံးပြုနိုင်ဖို့ တာဝါတိုင်များစိုက်ထူပေးနိုင်မှုအစီအစဉ်ရှိပါသလား။ နံပါတ်(၂) အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးပါမည်နည်းဆိုတဲ့ မေးခွန်း ၂ ခု မေးလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါ တယ်ခင်ဗျား။ ကျွန်တော်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြင်သိန်းရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်တို့ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေနဲ့ ပြည်နယ်/တိုင်းဒေသကြီးအားလုံးမှာ ဆက်သွယ်မှုလွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် နှစ်စဉ်စီမံကိန်းများချမှတ်ပြီးတော့ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းပြီးတော့ သက်ဆိုင်ရာအစိုးရအဖွဲ့ကြီးများရဲ့ ဦးစားပေးအဆင့်အလိုက် တင်ပြချက်များအပေါ်မှာ အခြေခံပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲ့လို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာမှာ ကျွန်တော်တို့အနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပဲခူးတိုင်း ဒေသကြီးအတွင်း ကျောက်ကြီး၊ ဖြူး၊ ရေတာရှည်၊ ကဝ၊ ဒိုက်ဦး၊ ရွှေကျင်၊ ပြည်၊ သဲကုန်း၊ ဇီးကုန်း၊ မင်းလှ၊ မိုးညို၊ သာယာဝတီတို့မှာ ဒီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာပဲ GSM ရေဒီယိုစခန်း ၁၃ ခုအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအားလုံးမှာလည်း GSM ရေဒီယိုစခန်း ၄၀၀ တိုးချဲ့တည်ဆောက် ပေးဖို့ဆောင်ရွက်နေတဲ့အခြေအနေရှိပါတယ်။ ဒါကြောင့်မို့လို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် ထန်းတောကြီး တိုက်နယ်နှင့် ဇောင်းတူတိုက်နယ်တို့မှာ GSM ရေဒီယို စခန်းများ တည်ဆောက်တပ်ဆင်ပေးနိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ထပ်မံဆောင်ရွက် မယ့် ကျွန်တော်တို့ရဲ့ GSM မိုဘိုင်းတယ်လီဖုန်းတိုးချဲ့တပ်ဆင်ရေး စီမံကိန်းမှာထည့်သွင်း ဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**GSM,CDMA SIM Card များခွဲဝေချထားပေးမှု နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်လင်းလှိုင် ဘုတ်ပြင်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်လင်းလှိုင်(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ ပုဂ္ဂိုလ်အပေါင်း အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လင်းလှိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ GSM SIM Card များ (သို့မဟုတ်) CDMA SIM Card များခွဲဝေချထားမှုနှင့်ပတ်သက်ပြီးတော့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဒီဘုတ်ပြင်းမြို့နယ်မှာ မြို့နယ်ကြီး ၁ ခုနှင့် မြို့နယ်ခွဲ ၂ ခု ရှိပါတယ်။ မြို့နယ်ကြီးမှာဆိုလို့ရှိရင် ကျွန်တော်တို့ GSM ဖုန်းကတ်တွေကိုပဲအသုံးပြုလို့ရပြီးတော့ GSM SIM Card နှင့် CDMA-450 SIM Card ကို အသုံးပြုလို့ရပြီးတော့မြို့နယ်ခွဲ ၂ ခုမှာတော့ CDMA-450 SIM Card သာအသုံးပြုလို့ရပါတယ်။ အဲဒီတော့ တန်ဖိုးနည်း SIM Card တွေကို ခွဲဝေချထားတဲ့နေရာမှာ ကျွန်တော်တို့ ပထမဦးဆုံး ၃ လ၊ ၃ ကြိမ်ခွဲဝေချထားတဲ့နေရာမှာ ဒီ CDMA SIM Cardများခွဲဝေချထားတဲ့အတွက်ကြောင့်နှင့် ကျွန်တော်တို့မြို့နယ်ကြီးနဲ့မြို့နယ်ခွဲ ၂ ခုမှာရော CDMA-800 SIM Card ဟာအသုံးပြုလို့မရတဲ့ အတွက်ကြောင့်နဲ့ ကျွန်တော်တို့မြို့နယ်အတွက် ခွဲဝေချထားခြင်းမရှိဘူးဆိုတာ ဒါအင်မတန်မှ လျော်ကန်သင့်မြတ်တယ်လို့ ယူဆမိပါတယ်။ ဒါပေမယ့် အဲ့ဒီ ပထမ ၃ ကြိမ် ခွဲဝေပြီးတဲ့ နောက်ပိုင်းမှာ ပြီးခဲ့တဲ့ အောက်တိုဘာလအထိခွဲဝေတဲ့နေရာမှာ ကျွန်တော်တို့မြို့နယ်ကို GSM SIM Card တွေစပြီးတော့ ခွဲဝေပေးပါတယ်။ အဲ့လိုခွဲဝေတဲ့နေရာမှာ ကျွန်တော်တို့မြို့နယ်ကတော့ အသုံးပြုလို့ရပေမယ့်လို့ သက်ဆိုင်ရာမြို့နယ်ခွဲ ၂ ခုကတော့ အသုံးပြုလို့မရပါဘူး။ ဒါပေမယ့် ဒီနောက်ပိုင်းခွဲဝေချထားတဲ့နေရာမှာ အသုံးပြုလို့မရတဲ့မြို့နယ်ခွဲ ၂ ခုကိုပါ GSM SIM Card တွေခွဲဝေချထားတာကိုတွေ့ရပါတယ်။ အဲ့ဒီတော့ ကျွန်တော်သက်ဆိုင်ရာ မြို့နယ်မှာတာဝန်ရှိတဲ့ လူတွေကိုမေးကြည့်တဲ့အခါမှာ အထက်အဖွဲ့အစည်းက ညွှန်ကြားတဲ့အတိုင်းလုပ်ရပါတယ်ဆိုပြီးတော့ သုံးလို့ရတဲ့နေရာရော၊ သုံးလို့မရတဲ့နေရာရော ခွဲဝေချထားပေးတာတွေ့ရပါတယ်။ အဲ့လိုပြုလုပ်တဲ့ဟာက ကျွန်တော့်အမြင်တော့ ဒီအောက်ခြေမှာ ပြည်သူလူထုနဲ့နီးစပ်တဲ့အဖွဲ့အစည်းက လူထုတွေနဲ့မကိုက်ညီတဲ့ကိစ္စရပ်တွေကို သက်ဆိုင်ရာအထက်အဖွဲ့အစည်းကိုပြန်လည်တင်ပြသင့်တယ်လို့ ယူဆမိပါတယ်။ အကယ်၍ ဒီလိုကိစ္စရပ်က ပြန်လည်မတင်ပြတဲ့အခါမှာ မဖြစ်သင့်တဲ့ကိစ္စတွေဖြစ်လာပါတယ်။ ကျွန်တော်တို့သွားနေတဲ့ လမ်းကြောင်းကြီးကိုက ခရီးကဝေးနေပါအုံးမယ်လို့ ယူဆမိပါတယ်။ ၎င်းအပြင် မလိုအပ်တဲ့ ကျွန်တော်တို့ မှောင်ခိုဈေးကွက်တွေပေါ်ပေါက်စေတယ်လို့ယူဆမိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းအနေနဲ့ကတော့ ကျွန်တော်တို့ GSM SIM Card အသုံးပြုလို့မရတဲ့ ခွဲဝေချထားမှု အောက်ခြေမှာ ခွဲဝေချထားတဲ့နေရာမှာ အောက်ခြေမှာကြီးကြပ်ရတဲ့

မြို့နယ်အဆင့် တာဝန်ရှိသူရဲ့လုပ်ရပ်တွေက မှန်ကန်မှုရှိတယ်လို့ယူဆပါသလား။ အကယ်၍ မှန်ကန်မှု ရှိတယ်လို့ ယူဆလို့ရှိလို့ရှိရင် ယခင့်ယခင် အသုံးပြုလို့မရတဲ့ CDMA-800 အသုံးပြုလို့မရတဲ့ အချိန် တုန်းက ဘာဖြစ်လို့ ဘုတ်ပြင်းမြို့နယ်နဲ့ သက်ဆိုင်ရာမြို့နယ်ခွဲ ၂ ခုကို ခွဲဝေချထားခြင်းမပြုပါသလဲ။ တကယ်လို့မှန်ကန်မှုနှင့် လိုက်လျောညီထွေမှုမရှိဘူးဆိုရင် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပြီးတော့ မည်ကဲ့သို့တာဝန်ယူမှုတွေရှိပါမလဲဆိုတာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန)**
။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လင်းလှိုင်ရဲ့ မေးမြန်းချက်ကို ကျွန်တော့်အနေနဲ့ ပြန်လည် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ထုတ်ဝေပေးခဲ့တဲ့ MEC Tel CDMA-800MHz ရေဒီယိုစခန်းအနေနဲ့ဆိုရင် ကျွန်တော်တို့ ထားဝယ်မြို့မှာ ၁ ခုနှင့် မြိတ်မြို့မှာ ၂ ခုပါရှိပါတယ်။

ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ GSM စခန်း ၃၄ ခုကို ထားဝယ်မြို့မှာ ၅ နေရာ၊ ရေဖြူမြို့မှာ၂ နေရာ၊ လောင်းလုံမှာ ၃ နေရာ၊ သရက်ချောင်း မှာ၂ နေရာ၊ မြိတ်မြို့မှာ ၁၀ နေရာ၊ ကျွန်းစုမြို့နယ်မှာ ၁ နေရာ၊ ပုလောမှာ ၂ နေရာ၊ တနင်္သာရီမြို့မှာ ၂ နေရာ၊ ကော့သောင်းမှာ ၅ နေရာ၊ ဘုတ်ပြင်းမှာ ၁ နေရာနှင့် ပလောက်မြို့နယ်ခွဲမှာ ၁ နေရာဆိုပြီး ကျွန်တော်တည်ဆောက်ပေးထားပါတယ်။

ဒီရေဒီယိုစခန်းတွေမှာ အသုံးပြုနိုင်မယ့်လိုင်းအင်အား၊ လက်ရှိသုံးစွဲနေမှုအခြေအနေ၊ ထပ်မံ တပ်ဆင်ပေးနိုင်မယ့် လိုင်းအင်အား စတာတွေကို ကျွန်တော်တို့တွက်ချက်ပြီးတော့ တန်ဖိုးနည်းမိုဘိုင်း တယ်လီဖုန်း SIM Card တွေအသုံးပြုနေဖို့အတွက် တွက်ချက်ဆောင်ရွက်ပေးပြီး တနင်္သာရီ တိုင်းဒေသကြီးအတွက် ၂၀၁၃ ခုနှစ် ဧပြီလမှာ MEC Tel 800MHZ SIM Card ၄၃၅၀ ကတ်၊ မေလမှာ MEC Tel 800MHZ SIM Card ၁၅၀၀ ကတ်၊ ဇွန်လမှာ MEC Tel 800MHZ SIM Card ၁၃၅၀ ကတ်၊ ဇူလိုင်လမှာ MEC Tel 800MHZ SIM Card ၁၅၀၀ ကတ်နှင့် GSM တယ်လီဖုန်း SIM Card ၃၀၀၀ ကတ်၊ ဩဂုတ်လမှာ MEC Tel 800MHZ SIM Card ၂၀၀၀ ကတ်၊ GSM တယ်လီဖုန်း

SIM Card ၆၀၀၀ ကတ်နှင့် စက်တင်ဘာလတွင် MEC Tel 800MHZ SIM Card ၁၂၀၀ ကတ်၊ WCDMA တယ်လီဖုန်း SIM Card ၉၀၀ ကတ်နှင့် GSM တယ်လီဖုန်း SIM Card ၄၁၀၀ ကတ်၊ စုစုပေါင်း MEC Tel 800MHZ SIM Card ၁၁၉၀၀ ကတ်၊ WCDMA တယ်လီဖုန်း SIM Card ၉၀၀ ကတ်နှင့် GSM တယ်လီဖုန်း SIM Card ၁၃၁၀၀ ကတ်ကို ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ခွဲဝေပေးခဲ့ပြီးဖြစ်ပါတယ်။

တန်ဖိုးနည်း မိုဘိုင်းတယ်လီဖုန်း SIM Card များဟာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာတွေကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေတစ်ဆင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ရဲ့ စီစဉ်ကြီးကြပ်မှုနှင့် ခွဲဝေရောင်းချပေးခဲ့ခြင်းဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွက် ၂၀၁၃ ခုနှစ် ဧပြီလမှာ ၄၃၅၀ ကတ်၊ မေလမှာ ၁၅၀၀ ကတ်နှင့် ဇွန်လမှာ ၁၃၅၀ ကတ်ခွဲဝေပေးခဲ့တဲ့အခါမှာ ရရှိတဲ့ကတ်အရေအတွက် နည်းတဲ့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့က တယ်လီဖုန်းဆက်သွယ်ပြောဆိုနိုင်တဲ့ ထားဝယ်မြို့နှင့် မြိတ်မြို့မှာသာ ခွဲဝေချထားပေးခဲ့ကြောင်းသိရှိရပါတယ်။ အဲ့ဒီ ၃ လအတွင်းမှာ တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးလွှမ်းခြုံမှုရှိတဲ့ ထားဝယ်မြို့နှင့် မြိတ်မြို့ ၂ မြို့သာ ခွဲဝေချထားပေးနိုင်ခဲ့တဲ့အတွက် တန်ဖိုးနည်းဖုန်းများမရရှိတဲ့ ကျန်မြို့နယ်အသီးသီးကလည်း ပြည်သူလူထုတွေက ဖုန်းကတ်ရယူလိုကြောင်း တောင်းဆိုမှုတွေ မကြာခဏတင်ပြခဲ့တယ်လို့သိရှိရပါတယ်။

၂၀၁၃ ခုနှစ် ဇူလိုင်လမှ စတင်ပြီးတော့တန်ဖိုးနည်း GSM SIM Card ခွဲဝေချထားပေးခဲ့တဲ့ အတွက် မြို့နယ်အားလုံးခွဲဝေချထားပေးနိုင်ခဲ့ပါတယ်။ အဲ့လို ဆောင်ရွက်ပေးခဲ့တဲ့အတွက်လည်း ပြည်သူတွေ ဝမ်းသာခဲ့ကြောင်းသိရှိပါတယ်။ လစဉ်ခွဲဝေချထားပေးနိုင်တဲ့အရေအတွက် ပြည်သူတို့ရဲ့ တယ်လီဖုန်းလိုလားချက်ကို ဖြည့်ဆည်းပေးနိုင်တာလည်း တွေ့ရှိပါတယ်။ ဧပြီလ၊ မေလ၊ ဇွန်လ ၃ လ မှာ MEC Tel CDMA -800MHZ တယ်လီဖုန်းတွေကို စခန်းရှိသည့်ထားဝယ်မြို့နှင့် မြိတ်မြို့များ တွင်သာခွဲဝေချထားပေးခဲ့ပြီး ဇူလိုင်လမှစတင်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်များအားလုံးကို GSM မိုဘိုင်းတယ်လီဖုန်း SIM Card တွေ သတ်မှတ်ခွဲဝေချထားပေးခြင်းဟာ GSMတယ်လီဖုန်းတွေဟာ သွားလေရာဒေသတွေကို ယူဆောင်ပြီးတော့ လိုင်းမိတဲ့နေရာတိုင်းမှာ ပြောဆိုနိုင်တဲ့ မိုဘိုင်းဖုန်းတွေဖြစ်တဲ့အတွက်ကြောင့် ဌာနဆိုင်ရာဝန်ထမ်းများတွေ၊ ပြည်သူလူထု တွေကလည်း သူတို့တာဝန်ကျတဲ့နေရာ၊ သူတို့နေထိုင်တဲ့အခြေကျထာတဲ့နေရာတွေမှာ မဟုတ်ဘဲနဲ့ အခါအားလျော်စွာတာဝန်အရ ဒါမှမဟုတ် စီးပွားရေးအရ၊ လူမှုရေးအရ၊ အခြားအကြောင်းကြောင်း

ကြောင့် မြို့ပေါ်ဒေသ တယ်လီဖုန်းဆက်သွယ်လို့ရတဲ့နေရာတွေကို သွားရောက်နေရတဲ့လူတွေပဲဖြစ်တဲ့ အတွက် ဌာနဆိုင်ရာဝန်ထမ်းတွေကိုလည်း ခွဲဝေရောင်းချပေးခဲ့တယ်။ သူတို့အတွက်လည်း ဌာနဆိုင်ရာ လုပ်ငန်းများကို တယ်လီဖုန်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သလို သူတို့အတွက် သက်သာချောင်ချိမှု လည်းရရှိခဲ့ပါတယ်။ ဝန်ထမ်းအားလုံးတန်းတူညီမျှ ခံစားရတဲ့အနေအထားလည်း ကြားသိရပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုကို ခွဲဝေရောင်းချပေးခြင်းအားဖြင့်လည်း ကျွန်တော်တို့ ကျေးလက်နေ ပြည်သူတွေက အခြားသောဒေသများနည်းတူပဲ တန်းတူရရှိတယ်ဆိုတဲ့အပေါ်ကို သိရှိလာပါတယ်။ လက်ရှိမှာ တယ်လီဖုန်းဆက်သွယ်မှုမရရှိသေးသော်လည်း နောင်ဆက်သွယ်မှုလိုင်းမိတဲ့အခါမှာလည်း အသင့်အသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်သလို ကျွန်တော်တို့ အဲ့ဒီဆက်သွယ်မှုမရသေးတဲ့ ဒေသတွေက လူငယ်များ၊ ကလေးများနှင့် မိဘဆွေမျိုးတွေနဲ့ ခွဲခွာပြီးတော့ ရပ်ဝေးမှာပညာဆည်းပူး နေတဲ့ ကျောင်းသူကျောင်းသားတွေကလည်း အလွယ်တကူဆက်သွယ်နိုင်ဖို့အတွက် ဆက်သွယ်မှု အသုံးပြုနိုင်တဲ့ဒေသတွေကို ရောက်ရှိတဲ့အခါမှာ အသင့်အသုံးပြုနိုင်ဖို့အတွက် ခွဲဝေချထားပေးခဲ့ခြင်း ဖြစ်ကြောင်းသိရှိရပါတယ်။ တယ်လီဖုန်းလိုင်းမမိတဲ့ဒေသများမှာရှိတဲ့ ဌာနဆိုင်ရာများနှင့် ပြည်သူ လူထုကိုခွဲဝေရောင်းချပေးတဲ့အခါမှာ အဆိုပါ GSM တယ်လီဖုန်း SIM Card များနှင့်စပ်လျဉ်းတဲ့ ငွေဖြည့်နည်းတွေ၊သတ်မှတ်ချိန်တွေ သတ်မှတ်ကာလတွေနဲ့ ဆောင်ရွက်ရမယ့် နည်းစနစ်တွေနဲ့ သက်ဆိုင်ရာအချက်အလက်များ ရှင်းလင်းပြောကြားပေးပြီးမှပဲ ရောင်းချပေးခြင်းပဲ ဖြစ်ပါတယ်။ ပြည်သူလူထုမှဝယ်ယူရန် ဆန္ဒမရှိဘူးဆိုတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပြန်လည်အပ်နှံပြီး မြို့ပေါ်၊ ရပ်ကွက်များသို့ ထပ်ဆောင်းခွဲဝေရောင်းချပေးတဲ့စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲနှင့် ခေါဇာမြို့နယ်ခွဲများအတွက် GSM တာဝါတိုင်နှင့် CDMA တာဝါတိုင် များထပ်မံဖြည့်စွက်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ လေ့လာရေးအတွက် တက်ရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပေါင်းနှင့် ပြည့်စုံပါ စေလို့ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ရေး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။

ကျွန်မမေးချင်တဲ့မေးခွန်းကတော့ ကျွန်မ၏မဲဆန္ဒနယ်မြေဖြစ်သော ရေးမြို့နယ်သည် ကျေးရွာပေါင်း ၉၆ ရွာနှင့် လူဦးရေ ၂၃၃၈၃၄ ဦးဖြင့် ဖွဲ့စည်းထားသော မြို့တစ်မြို့ဖြစ်ပါတယ်ရှင်။ မြို့နယ်ခွဲ ၂ ခု ဖြင့်လည်း ထပ်မံဖွဲ့စည်းထားသော မြို့တစ်မြို့ဖြစ်ပါတယ်ရှင်။ ၎င်းကျေးရွာပေါင်း ၉၆ ရွာတွင် CDMA တာဝါတိုင် တစ်တိုင်တည်းသာ အစင်စံပြကျေးရွာတွင်တည်ထောင်ထားတာကိုလည်း လေ့လာတွေ့ရှိခဲ့ ရပါတယ်။ GSM တိုင်ကျတော့ ရေးမြို့နယ်မှာ ၄ တိုင်၊ အဲဒီမှာ သဃ်န်းကျွန်းကျေးရွာတို့ဘက်မှာဆိုရင် တိုင်တစ်တိုင်မှမရှိတာကိုလည်း လေ့လာသိရှိရပါတယ်။ လမိုင်းမြို့နယ်ခွဲတွင် ၃ တိုင်နှင့် ခေါဇာမြို့နယ် ခွဲတွင် တစ်တိုင်မှမရှိတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ ကျွန်မ၏မဲဆန္ဒနယ်တွင် လူဦးရေထူထပ် ပြီး တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်ရေးကောင်းမွန်ဖို့အတွက် တာဝါတိုင်များ လုံလောက်စွာစိုက်ထူဖို့ လိုအပ်လျက်ရှိနေတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ ဥပမာ ကော့တော့စံပြကျေးရွာဆိုရင် အိမ်ခြေ ၁၈၅၁ အိမ်နှင့် အိမ်ထောင်စု ၁၈၆၉ စုရှိပြီး လူဦးရေ ၁၁၁၀၁ ဦးရှိနေတာကိုလည်း လေ့လာသိရှိခဲ့ရပါ တယ်။ အဲဒီလို စံပြကျေးရွာ အိမ်ခြေအများကြီးရှိတဲ့ ကော့တော့ စံပြကျေးရွာဟာဆိုရင် တာဝါတိုင်မရှိ၍ အခုဆိုရင် သူတို့ SIM Card တွေချပေးပေမယ့်လည်း အဲဒီကျေးရွာမှာ ဆက်သွယ်မှုဧရိယာမရှိတဲ့ အတွက်ကြောင့် အသုံးပြုဖို့ အရမ်းအခက်အခဲရှိနေတာကို လေ့လာသိရှိခဲ့ရပါတယ်။ ခေါဇာမြို့နယ်ခွဲ တွင် GSM တာဝါတိုင်များ တစ်တိုင်မှမရှိတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ ရေးမြို့နယ်သည် ပထဝီအနေအထားအရ တောတောင်များပတ်လည်ဝန်းရံနေ၍ တာဝါတိုင်များ နေရာအနှံ့အပြား တပ်ဆင်၍ အဆင်ပြေနိုင်မယ့်အနေအထားဖြစ်ပါတယ်ရှင်။ ဒါကြောင့် ကျွန်မမေးချင်တဲ့မေးခွန်းက ကျွန်မတို့၏ ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲနှင့် ခေါဇာမြို့နယ်ခွဲများအတွက် GSM တာဝါတိုင်နှင့် CDMA တာဝါတိုင်များထပ်မံဖြည့်စွက်ဆောင်ရွက်ပေးနိုင်ခြင်း အခြေအနေရှိ/မရှိ မေးမြန်းလိုပါတယ် ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေခင်ဗျား။ ကျွန်တော့်အနေနဲ့ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ မေးမြန်းချက်ကို ပြန်လည်ရှင်းလင်းဖြေကြားပါ မယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကနေပြီးတော့ ရေးမြို့နယ်မှာ GSM ရေဒီယိုစခန်း ၄ ခုနှင့်

CDMA ရေဒီယိုစခန်း ၁ ခုကိုလည်းကောင်း၊ လမိုင်းမြို့နယ်ခွဲမှာ GSM ရေဒီယိုစခန်း ၃ ခုကို လည်းကောင်း တည်ဆောက်တပ်ဆင်ထားပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်မယ့် GSM/ WCDMA လိုင်း ၄ သန်းနှင့် အသစ် ၁ သန်းအစားထိုးလဲလှယ်တပ်ဆင်ခြင်း ၃ သန်းစီမံကိန်းမှာ မွန်ပြည်နယ်၊ ရေးမြို့ GSM ရေဒီယိုစခန်း အသစ် ၃ ခုထပ်မံတည်ဆောက်တပ်ဆင်ပေးဖို့လျာ ထားသတ်မှတ်ထားပြီးလည်းဖြစ်ပါတယ်။ လမိုင်းမြို့နယ်ခွဲနှင့် ခေါဇာမြို့နယ်ခွဲတွေဟာ အဲဒီလျာထား ချက်မှာပါဝင်ခြင်းမရှိသေးပါဘူး။ လောလောဆယ် ဒီမြို့နယ်ခွဲတွေမှာ GSM ရေဒီယိုစခန်း ထပ်မံ တည်ဆောက်ပေးဖို့ အစီအစဉ်မရှိသေးပါဘူး။

ဒါပေမယ့် ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တယ်လီဖုန်းသိပ်သည်းဆ Tele Density ကို ၂၇ ရာခိုင်နှုန်း ၂၀၁၄-၂၀၁၅ မှာ ၅၀ ရာခိုင်နှုန်းနဲ့ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ မှာ ၇၅ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းထိတိုးတက်ရရှိဖို့ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ စီမံချက်များ ချမှတ်ပြီးဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ အခြား အခြားသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအပြင် အခြားကုမ္ပဏီကြီး ၃ ခုကလည်း လက်ရှိအနေ အထားမှာပါဝင်ဆောင်ရွက်ဖို့ ဆိုင်းပြင်းနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောင်လာမယ့် ဘဏ္ဍာရေး နှစ်များမှာ ဆောင်ရွက်မည့်စီမံကိန်းများမှာ ဒီမြို့နယ်ခွဲတွေရဲ့ ဆက်သွယ်မှုအဆင်ပြေချောမွေ့စေဖို့ အတွက် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်းဆွေးနွေးပြီးတော့ ကျွန်တော်တို့ GSM ရေဒီယိုစခန်းများ ထပ်မံတည်ဆောက်တပ်ဆင်ပေးရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ် ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးရှင်။ နောက်တစ်ဆက်တစ်စပ်တည်း မေးခွန်း အနေနဲ့ ကျွန်မအနည်းငယ်မေးမြန်းချင်ပါတယ်ရှင်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ လတိုင်း SIM Card များကို ချပေးနေတဲ့အတွက်ကြောင့် ယခုအချိန်အခါတွင် အင်တာနက်လိုင်း မြန်ဆန်မှုနှုန်းအလွန် ကျဆင်းနေတာကိုလည်း ကျွန်မတို့ သုံးစွဲသူအဆင်မပြေတာကိုလည်း ကျွန်မတို့အနေနဲ့ လေ့လာသိရှိ ခဲ့ရပါတယ်။ လူထုအတွက် Mobile Phone SIM Card များ ချပေးမှုများပြားပြီးတော့ အင်တာနက် သုံးစွဲသူများလည်း ပိုမိုရှိများပြားလာသည့်အပြင် အာဆီယံ SEA Game လည်း ရောက်ရှိလာတော့ မှာဖြစ်ပါတယ်။ ပြည်တွင်းသုံးစွဲသူများနှင့်နိုင်ငံတကာမှလာရောက်ပြီးသုံးစွဲသူများအတွက် အင်တာနက်

မြန်နှုန်းလျင်မြန်စွာသုံးစွဲရေးအတွက် ဆက်သွယ်ရေးဝန်ကြီးဌာနမှ မည်ကဲ့သို့ ဆောင်ရွက်ထားတာကိုလည်း ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန)** ။ ။ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ အင်တာနက်လိုင်းမြန်နှုန်းမြင့်ဖို့အတွက် တင်ပြချက်ကို ကျွန်တော်ဖြေကြားပါမယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ဝန်ကြီးဌာနက သိရှိနားလည်ပြီးဖြစ်သလို တောက်လျှောက်လည်း ကျွန်တော်တို့ ဒီကိစ္စကိုဆောင်ရွက်နေပါတယ်။ မြန်နှုန်းလိုအပ်ချက်ရှိနေသေးတယ်ဆိုတာကလည်း အမှန်ပါပဲခင်ဗျား။ ဒါကြောင့်မို့လို့ စက်မှုပိုင်းဆိုင်ရာ၊ ပညာရပ်ပိုင်းဆိုင်ရာများကို အသေးစိတ်ကွင်းဆင်းလေ့လာပြီးတော့ လာမယ့်ကာလတွေမှာ ယခုထက်ပိုပြီးတော့ မြန်နှုန်းမြင့်အောင်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနဲ့ ဆောင်ရွက်ချက်နှင့်တွေ့ရှိချက် ပြည်သူတွေကို သတင်းစာကနေတစ်ဆင့် အသိပေးကြေညာသွားဖို့ စီစဉ်နေပြီဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်တင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မင်းတပ်ခရိုင်မှ မြို့နယ် ၄ ခု၏ နယ်စပ်ဖြစ်သည့် လည်မြို့မြစ်ပတ်ဝန်းကျင်ဒေသရှိ မတူပီ-မားဒူ-ဝေလူး-ထိန်ကောင်း-ချိုင်းစနူး-မွန်တနူး-သံတောင် ဒေသဖွံ့ဖြိုးရေးအတွက် ကားလမ်းဖောက်လုပ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်းဖြစ်ပါတယ်။ ချင်းပြည်နယ် မင်းတပ်ခရိုင်မှ မြို့နယ် ၄ ခုရဲ့ နယ်စပ်ဖြစ်တဲ့ လည်မြို့မြစ်ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေးအတွက် မာဒူး-ဝေလူး-ထိန်ကောင်း-ချိုင်းစနူး-မွန်တနူး-သံတောင် ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်အတွင်းမှာရှိတဲ့ မြို့နယ် ၄ ခု ရဲ့နယ်စပ်ဖြစ်တဲ့ လည်မြို့မြစ်ပတ်ဝန်းကျင်

တစ်လျှောက်ဟာ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲနေဆဲဖြစ်ပါတယ်။ အဲဒီပတ်ဝန်းကျင်မှာ ကျေးရွာအုပ်စုပေါင်း ၄၄ အုပ်စုရှိပြီးတော့ မင်းတပ်မြို့နယ်မှာ ၁၀ အုပ်စု၊ မတူပီမြို့နယ်မှာ ၈ အုပ်စု၊ ကန်ပက်လက်မြို့နယ်မှာ ၈ အုပ်စုနှင့် ပလက်ဝမြို့နယ်မှာ ၁၈ အုပ်စုအသီးသီးပါဝင်ပြီးတော့ လူဦးရေအားဖြင့် ၃၀၀၀၀ ကျော်နေထိုင်တဲ့ဒေသဖြစ်ပါတယ်။ အဲဒီဒေသမှာ တာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုရဲ့ ဆက်သွယ်သွားလာရေးဟာ လွန်စွာမှ ခက်ခဲလျက်ရှိပါတယ်။ အချို့နေရာဒေသတွေမှာ ခြေလျင်နဲ့ပဲ သွားလာနေရဆဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခရိုင်အတွင်းမှာရှိတဲ့ မြို့နယ် ၄ ခုရဲ့ ဆက်သွယ်သွားလာရေး ရေရှည်အကျိုးဖြစ်ထွန်းစေနိုင်ရေးအတွက် အဓိကအမာခံလမ်းအဖြစ် မတူပီ-မာဒူး-ဝေလူး-ထိန်ကောင်း-ချိုင်းစနူး-မွန်တနူး-သံတောင် လမ်းကို ဒေသဖွံ့ဖြိုးရေးကားလမ်းအဖြစ် ဦးစားပေးဖောက်လုပ်ပေးမယ်ဆိုလို့ရှိရင် မင်းတပ်မြို့ကနေပြီးတော့ မင်းတပ်-အောက်ချိုင့်-မာဒူးလမ်း နောက် မင်းတပ်ကနေ မင်းတပ်-မကွေနို-ကျားအင်နို-ကွန်သနိုလမ်း နောက် ကန်ပက်လက်မြို့ကနေပြီးတော့ ကန်ပက်လက်-ဝိတိုရိယတောင်-ခရိုင်း-ခနိုင်း-မိုလောင်-ခွန်သနိုလမ်း နောက်ကန်ပက်လက်မြို့ကနေပဲ ကန်ပက်လက်-ကျင်သွေး-ဆင်ပေါင်-ဟုတ်ခင်နွေး-မိုလောင်-မွန်တနူး လမ်း နောက် ပလက်ဝမြို့နယ်ဖြစ်တဲ့ ဆမီးကနေပြီးတော့ ဆမီး-တာချောင်းဝ-အပ်စ-ထိန်ကောင်း ကားလမ်းတွေကို ကျွန်တော်တို့ အသီးသီးဆက်လက်ပြီးတော့ဖောက်မယ်ဆိုလို့ရှိရင် မင်းတပ်ခရိုင်မှာရှိတဲ့ မြို့နယ် ၄ ခုရဲ့ နယ်စပ်ဖြစ်တဲ့ လည်မြို့မြစ်ပတ်ဝန်းကျင်ဒေသဟာ ကွန်ရက်သဖွယ် ကားလမ်းများပေါက်လာပြီးတော့ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်နေခဲ့တဲ့ အဲဒီဒေသမှာ သိသိသာသာဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ ပြည်သူလူထုက အဲဒီလိုမြင်ပါတယ်။ ဒါကြောင့်မို့လို့ အနီးစပ်ဆုံးအားဖြင့် ကျွန်တော်တို့ ခန့်မှန်းတိုင်းထွာချက်အရ မိုင်ပေါင်းကတော့ ၁၅၀ ခန့်ကွာဝေးရှိမယ်လို့ ခန့်မှန်းရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီခရီးလမ်းအတိုဆုံးလမ်းဖြစ်တဲ့အပြင် နယ်မြေခံပြည်သူလူထု အကျိုးစီးပွားနဲ့ နိုင်ငံ့ဝန်ထမ်းများပြည်သူလူထုရဲ့သွားလာရေးကို အထိရောက်ဆုံး၊ အလျင်မြန်ဆုံး အကျိုးဖြစ်ထွန်းစေနိုင်မယ့် မတူပီ-မာဒူး-ဝေလူး-ထိန်ကောင်း-ချိုင်းစနူး-မွန်တနူး-သံတောင် ဒေသဖွံ့ဖြိုးရေးအတွက် မော်တော်ကားလမ်းကို နိုင်ငံတော်အစိုးရမှ ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့အတွက်ကြောင့် ပြည်သူလူထုကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မောင်မောင်အုန်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းလေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းဖြစ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထန်းလိန်းရဲ့မေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်အပါအဝင် နယ်စပ်ဒေသအားလုံးရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပဥ္စမကာလတို ၅ နှစ် အမျိုးသားစီမံကိန်းရေးဆွဲချမှတ်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ နှစ်စဉ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ချင်းပြည်နယ်အတွင်း ၁၉၈၉ ခုနှစ်ကနေစပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၄၉၆၃.၄၂ သန်း (၄ ဘီလီယံ) ကျော်သုံးစွဲဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါလုပ်ငန်းများအနက် ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွက် လမ်း/တံတား၊ ပြည်သူ့ဆက်ဆံရေး၊ သာသနာရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ်သန်းပေါင်း ၁၇၂.၅၃၇ ကျပ်သန်းနှင့် မတူပီမြို့နယ်အတွင်းမှာ လမ်းတံတား၊ ပညာရေး၊ စွမ်းအင်၊ ပြည်သူ့ဆက်ဆံရေး၊ ဆက်သွယ်ရေး၊ သာသနာရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ်သန်းပေါင်း ၁၁၄.၂၁ သန်းသုံးစွဲဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ်အတွင်း မြေလမ်းမိုင် ၁၂၀၊ ကျောက်လမ်း ၃၁ မိုင်၊ ကတ္တရာလမ်း ၁၆ မိုင်၊ သံမဏိကြိုးတံတား ၁ စင်း၊ သစ်သားတံတား ၁ စင်း၊ ကြိုးတံတား ၃ စင်း၊ သံကူကွန်ကရစ်တံတား ၇ စင်း၊ ကွန်ကရစ် ရေပြွန် ၅၀ စင်း၊ အ.ထ.က ၁ ကျောင်း၊ အ.လ.က ၂ ကျောင်း၊ အ.မ.က ၂၀ ကျောင်း၊ ဆေးရုံ ၁ ရုံ၊ ဆေးပေးခန်း ၂ ခန်း၊ ကျန်းမာရေးဌာန ၃ ခု၊ ကျန်းမာရေးဌာနခွဲ ၅ ခု၊ စိုက်ပျိုးမြေဧက ၂၀၀ ဖော်ထုတ်ခြင်း၊ ရေသွယ်မြောင်းဖောက်လုပ်ခြင်း ၅ ခု၊ မွေးမြူရေးခြံ ၂ ခြံ၊ ရေအားလျှပ်စစ်လုပ်ငန်း ၅ ခု၊ စာကြည့်တိုက် ၂ ခု၊ ဘုန်းကြီးကျောင်း ၃ ကျောင်း၊ ဓမ္မာရုံ ၁ ခု၊ သိမ် ၁ ခု၊ ၂ ခန်းတွဲ ဝန်ထမ်းအိမ်ရာ ၁၀ လုံးစသဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၅၁၆၁.၀၇၅ သန်း (၅ ဘီလီယံ) ကျော်လျာထားခွင့်ပြုပေးထားပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလုပ်ငန်းများအနက် မင်းတပ်မြို့နယ်မှာဆိုရင် လမ်း/တံတားအတွက် ၅၈၁ သန်း၊ ကျန်းမာရေးအတွက် ၁၇.၅ သန်း၊ စိုက်ပျိုးရေးအတွက် ၁ သန်း၊ သောက် သုံးရေရရှိရေးအတွက် ၂၂.၅

သန်း၊ စွမ်းအင်အတွက် ၈၉.၇၅ သန်း၊ ပြည်သူ့ဆက်ဆံရေးအတွက် ၁ သန်း၊ သာသနာရေးအတွက် ၂၁ သန်း၊ အိမ်ရာဆောက်လုပ်ရေးအတွက် ၃၂.၅ သန်း၊ စုစုပေါင်း ၇၆၆.၂ ၅ သန်း ခွင့်ပြုပေးထားပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။

အလားတူ လာမယ့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်း ချင်းပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်တဲ့ လမ်း/တံတားလုပ်ငန်းအတွက် ငွေကျပ် ၄၅၃၇.၃ သန်း (၄ ဘီလီယံ) ကျော်၊ ရေရရှိရေးလုပ်ငန်းအတွက် ငွေကျပ် ၁၇၆ သန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်းအတွက် ငွေကျပ် ၂၆၆.၄၆ သန်း၊ သာသနာရေးလုပ်ငန်းအတွက် ငွေကျပ် ၃၀၆ သန်းဖြင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ရန် အဆိုပြုလျာထားပြီးဖြစ်ပါတယ်။ အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများအနက် မင်းတပ်မြို့နယ်အတွင်း လမ်း/တံတားလုပ်ငန်းအတွက် ငွေကျပ် ၉၉၇ သန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းအတွက် ၂၂.၅ သန်း၊ စွမ်းအင်လုပ်ငန်းအတွက် ၃၆ သန်း၊ သာသနာရေးလုပ်ငန်းအတွက် ၂၀၃ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၂၅၈.၅ သန်း အဆိုပြုလျာထားခဲ့ပြီးဖြစ်ပါတယ်။ ဒီအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထန်းလိန်းမေးမြန်းခဲ့သော မင်းတပ်ခရိုင်မှ မြို့နယ် ၄ ခုရဲ့ နယ်စပ်ဖြစ်တဲ့ လည်မြို့မြစ် ပတ်ဝန်းကျင်ဒေသရှိ မတူပီ-မာဒူး-ဝေလူး-ထိန်ကောင်း-ချိုင်းစနူး-မွန်တနူး-သံတောင် ဒေသဖွံ့ဖြိုးရေးအတွက် ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်းပြီး အဆိုပါလမ်းကြောင်းဟာ မိုင် ၁၅၀ ခန့်ရှည်လျားပြီး ဒေသရဲ့ နယ်မြေအနေအထားအရ စနစ်တကျစီမံချက်ချပြီး အပိုင်းလိုက်ဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ဒီအပြင် ချင်းပြည်နယ်အစိုးရအဖွဲ့မှ နယ်မြေဒေသအခြေအနေအရ လတ်တလော ဦးစားပေးဆောင်ရွက်ရမယ့် အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အရ စီစဉ်ဆောင်ရွက်နေရဆဲဖြစ်ခြင်း၊ နောက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ နယ်မြေမှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် အခြားလုပ်ငန်းများကို နယ်မြေဒေသဖွံ့ဖြိုးရေးစီမံချက်မှာ ထည့်သွင်းဆောင်ရွက်ပေးလျက်ရှိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးမှတင်ပြလာသည့် မတူပီ-မာဒူး-ဝေလူး-ထိန်ကောင်း-ချိုင်းစနူး-မွန်တနူး-သံတောင် ကားလမ်းဖောက်လုပ်ပေးရန် လုပ်ငန်းကို လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း ချင်းပြည်နယ် အစိုးရအဖွဲ့ရဲ့အစီအစဉ်ဖြင့် အသေးစိတ်ကွင်းဆင်းလေ့လာရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရှားတောမြို့နယ်အပါအဝင် ဖွံ့ဖြိုးမှုနောက်ကျ၍ ဝေးလံခက်ခဲသောမြို့များတွင် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဦးစားပေးဆောင်ရွက်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းနွံ(ရှားတောမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ လာရောက်လေ့လာသူများ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ရှင့်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံ ဖြစ်ပါတယ်။ ရှားတောမြို့နယ်အပါအဝင် ဖွံ့ဖြိုးမှုနောက်ကျနေသော ဝေးလံခက်ခဲတဲ့ မြို့နယ်များမှာ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို အထူးကိစ္စတစ်ရပ်အနေနဲ့ ဦးစားပေးဆောင်ရွက် ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ရှားတောမြို့နယ်အပါအဝင် ဝေးလံ ခက်ခဲတဲ့ မြို့နယ်၊ နယ်စွန်နယ်ဖျား တိုင်းရင်းသားများရဲ့ ဒေသများဟာ ဖွံ့ဖြိုးမှုအလွန်နောက်ကျလျက် ရှိပါတယ်။ တောတောင်ထူထပ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ခေတ်အဆက်ဆက် လက်နက် ကိုင်ပဋိပက္ခများရှိနေခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရခြင်း ဖြစ်ပါတယ်။

ယခုအချိန်မှာတော့ နိုင်ငံတော်အစိုးရသစ်ရဲ့ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများကြောင့် ငြိမ်းချမ်းရေးရောင်နီများနဲ့အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အချိန်အခါကောင်းတို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်မှာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ ပါတယ်။ သို့သော်လည်း ဒေသတည်ငြိမ်အေးချမ်းမှုမရှိတဲ့အတွက် ပေးကားပေး၏မရ ဖြစ်ခဲ့ရပါတယ်။ ယနေ့အချိန်မှာလည်း နိုင်ငံတော်အစိုးရအနေနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

သို့သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရသည်ဖြစ်ရာ ဝေးလံခေါင်သီတဲ့ နယ်စွန်နယ်ဖျား တိုင်းရင်းသားဒေသများအနေနဲ့ အစဉ်အဆက်ဖွံ့ဖြိုးမှု နောက်ကျနေသေးတဲ့အတွက် လိုအပ်ချက်များစွာရှိနေပါတယ်။ ရှားတောမြို့နယ် အနေနဲ့ပြောရမယ်ဆိုရင် မိုင် ၄၀ မျှသော လွိုင်ကော်-ကန်ချောင်း-ရှားတောလမ်းဟာဆိုရင် ယနေ့အထိ ကတ္တရာလမ်းအပြည့်မဖြစ်သေးပါဘူး။ မြို့တွင်းလမ်းများမှာလည်း မကောင်းသေးပါဘူး။ ၂၄ နာရီ လျှပ်စစ်မီးလည်းမရရှိသေးခြင်း၊ တယ်လီ

ဖုန်းဆက်သွယ်ရေးတာဝါတိုင်များမရှိသေးခြင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ အပြည့်အစုံမရှိသေးခြင်း၊ ကျောင်း/ဆေးရုံအပါအဝင် ခန့်ညားထည်ဝါသော အဆောက်အဦကောင်းများလည်း မရှိသေးခြင်း၊ စီးပွားရေးလုပ်ငန်းများအနေနဲ့ အနည်းငယ်မျှသော လယ်ယာလုပ်ငန်းနှင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးကိုသာ အားကိုးနေရခြင်းစတဲ့ လိုအပ်ချက်များစွာ ရှိနေပါတယ်။ အချို့သော တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဝေးလံခက်ခဲတဲ့မြို့နယ်များမှာလည်း ထိုနည်းအတူ လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်တဲ့ အခြားဒေသများက ခြေတစ်လှမ်းလှမ်းလျှင် ကျွန်မတို့ဒေသများအနေနဲ့ ၁၀ လှမ်းမျှလှမ်းရမှာ ဖြစ်ပါတယ်။ သို့မှသာ ဖွံ့ဖြိုးမှုကွာဟချက် နည်းနိုင်သမျှနည်းသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား ၉-၈-၂၀၁၃ ရက်နေ့မှာ သမ္မတအိမ်တော်၌ တွေ့ဆုံမှာကြားရာမှာ မိမိတို့အစိုးရတာဝန်ယူရသော ၅ နှစ်တာကာလ၊ ဒုတိယပိုင်း ကျန်လ ၃၀ ကာလဟာ ပြည်သူများရဲ့စီးပွားရေးအခြေခံ၊ စားဝတ်နေရေးအခြေခံလိုအပ်ချက်များကို ဦးစားပေးပြီး လူမှုစီးပွားရေးအကျိုးရလဒ်များ ရရှိခံစားနိုင်အောင် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကာလဖြစ်ကြောင်း ပြည်သူများရဲ့ ဦးစားပေးလိုအပ်ချက်များကို ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများညှိနှိုင်းပြီး ပြည်သူလူထု သိသိသာသာ ခံစားရရှိနိုင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသွားသည်ကို သိရှိရပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျနေသေးတဲ့ တိုင်းရင်းသားများရဲ့ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)မှာ အတည်အလင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံနှင့်အဝှမ်းအကြားအလတ်မရှိဖွံ့ဖြိုးတိုးတက်မှသာ ကျွန်မတို့မြန်မာနိုင်ငံတော်ကြီး အမှန်တကယ် ဖွံ့ဖြိုးတိုးတက်တယ်လို့ဆိုနိုင်မှာဖြစ်ပါတယ်။ တိုင်းရင်းသားများမျှော်လင့်နေတဲ့ တန်းတူညီမျှမှုကိုလည်း ရရှိခံစားစေခြင်းဖြင့် စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲခြင်းများမလွဲမသွေရရှိမှာ ဖြစ်ပါတယ်။ သို့ပါ၍ ရှားတောမြို့နယ်အပါအဝင် ဖွံ့ဖြိုးမှုနောက်ကျနေသေးတဲ့ ဝေးလံခေါင်သီတဲ့ မြို့နယ်များမှာရှိတဲ့ ပြည်သူများရဲ့တင်ပြတောင်းဆိုချက်များကိုသော်လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တင်ပြချက်များကိုသော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ ဆောင်ရွက်ပေးသင့်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်း

များကိုလည်းကောင်း အထူးကိစ္စတစ်ရပ်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးမြန်းတင်ပြအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင့်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မောင်မောင်အုန်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ဆက်လက်ပြီး ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်နန်းနွံရဲ့ မေးမြန်းချက်အပေါ် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီး ၂ ခု၊ ပြည်နယ် ၇ ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၆ ခုတို့မှာပါဝင်တဲ့ စုစုပေါင်း မြို့နယ် ၇၃ မြို့နယ်မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဒေသခံပြည်သူများရဲ့ လိုအပ်ချက်နဲ့အညီ လွှတ်တော်ကိုယ်စားလှယ်အသီးသီးရဲ့ တင်ပြချက်များ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့များမှ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကယားပြည်နယ်အတွင်းမှာ ၁၉၉၀-၁၉၉၁ မှ ၂၀၁၂-၂၀၁၃ အထိ လမ်း/တံတားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်းအားလုံးကို ငွေကျပ်သန်းပေါင်း ၃၀၇၈.၀၆ (3 Billion) ကျော်ကုန်ကျခံဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခင်က နယ်မြေအေးချမ်းတည်ငြိမ်မှု အပြည့်အဝမရှိခဲ့တဲ့အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာလည်း ကန့်သတ်ချက်များရှိခဲ့ပါတယ်။

ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာဆိုရင် ကယားပြည်နယ်အတွင်းမှာ မြေလမ်း ၅၀ မိုင်၊ ကျောက်လမ်း ၂၄.၅ မိုင်၊ ကတ္တရာလမ်း ၁၀ မိုင်၊ ကွန်ကရစ်တံတား ၆၄ စင်းတို့အတွက် ငွေကျပ် ၂၁၄၂.၈၉၅ ကျပ်သန်း ၂ ဘီလီယံကျော်၊ ဆေးပေးခန်းတစ်ခန်းအတွက် ငွေကျပ် ၁၀ သန်း၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းတစ်ခုအတွက် ငွေကျပ် ၆ သန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၆ ခုအတွက် ငွေကျပ် ၁၃၅ သန်း၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်းလုပ်ငန်း ၇၃ ဧကအတွက် ၂၁.၆၅ သန်း၊ မီးရရှိရေးလုပ်ငန်း ၆ ခုအတွက် ငွေကျပ် ၂၀၆.၃၃၈ သန်း၊ ရုပ်သံထပ်ဆင့်လွှင့်လုပ်ငန်း ၄ ခုအတွက် ငွေကျပ်သန်း ၂၀၀၊

စာကြည့်တိုက် ၂ ခုအတွက် ငွေကျပ် ၂ သန်း၊ ဘုန်းကြီးကျောင်း ၃ ကျောင်း၊ ဓမ္မာရုံ ၁ ခု၊ သိမ် ၁ ခု တို့အတွက် ငွေကျပ် ၂၄ သန်း၊ ၂ ခန်းတွဲဝန်ထမ်းအိမ်ရာ ၇ လုံး ဆောက်လုပ်ခြင်းအတွက် ငွေကျပ် ၂၂၇ သန်း၊ မြို့တော်ခန်းမဆောက်လုပ်ခြင်း ၁ ခုအတွက် သန်း ၄၀၀ စုစုပေါင်း ရန်ပုံငွေကျပ် ၃၄၁၉.၈၈၃ ကျပ်သန်း (3 Billion) ကျော်ဖြင့် ကယားပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။

၁၉၉၀-၁၉၉၁ မှ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ ခုန ကိုယ်စားလှယ်ကြီးတင်ပြခဲ့တဲ့ ရှားတောမြို့နယ်မှာဆိုရင် လမ်း/တံတားလုပ်ငန်း၊ သာသနာရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတွေကို ရန်ပုံငွေကျပ်သန်း ၃၆.၀၁၀ သန်းနဲ့ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာဆိုရင် ရှားတောမြို့နယ်အတွင်းမှာ ရှားတော-ဒေါခအော့-ဒေါတနော-ဝမ်လွဲ့-ရွာသစ်လမ်းမြေလမ်း မိုင် ၅၀၊ ကျောက်လမ်း မိုင်၂၀၊ ကတ္တရာလမ်း ၁၀ မိုင်ကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၁၅၀ (1 Billion) ခန့်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

လာမယ့်၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်း ကယားပြည်နယ်အတွင်းမှာ လမ်းတံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းနဲ့ သာသနာရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေကျပ်သန်း ၃၁၅၆.၀၅ ကျပ်သန်း (3 Billion) ကျော်လျာထားရာမှာ ရှားတောမြို့နယ်မှာ တင်နွယ်-နားအွမ်မြေလမ်း ၂၄ မိုင်၊ အောင်ချမ်းသာရပ်ကွက် မင်းမူလာချောင်းကူးကွန်ကရစ်တံတား ၂၄ ပေ ၁စင်း၊ မြောက်ပိုင်းရွာ ၃ မိုင်အတွက် သောက်သုံးရေသွယ်ယူခြင်း၊ တင်လွယ်ရွာ အိမ်ခြေ ၃၁ အိမ်အတွက် ဆိုလာစနစ်တပ်ဆင်ခြင်း ၃၁ ယူနစ်၊ စလောင်းကျေးရွာ ဘုန်းကြီးကျောင်း ၁ ကျောင်းတို့အတွက် ရန်ပုံငွေကျပ်သန်း ၄၆၃.၈၇ ကျပ်သန်းလျာထားပါရှိကြောင်း တင်ပြလိုပါတယ်။

နောက်ပြီးတော့ ကျွန်တော်ဒီ လွိုင်ကော်-ရှားတော လမ်းပိုင်းဟာ မိုင် ၄၇ ဖာလုံရှိပြီးတော့ လက်ရှိ ကတ္တရာလမ်း ၃၁ မိုင်၊ ကျောက်လမ်း ၉.၇ မိုင်ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေနဲ့ ကျောက်လမ်းအား ကတ္တရာခင်းနိုင်ရေး ပြည်နယ်အစိုးရသို့ ရန်ပုံငွေတင်ပြဆောင်ရွက်လျက်ရှိကြောင်းလည်းသိရှိရပါတယ်။ ယခင်ကာလတွေမှာ နယ်မြေဒေသမတည်ငြိမ်လို့ ဖွံ့ဖြိုးရေးလုပ်ငန်းများအပြည့်အဝမဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုအခါ ကယားပြည်နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို တတိယအကြိမ်ထိ

ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ထို့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော်ဦးဆောင်တဲ့ တိုင်းရင်းသား ရေးရာ ဆပ်ကော်မတီအနေနဲ့လည်း တိုင်းရင်းသားရေးရာနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ပေါင်းစပ် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး ယခုကိုယ်စားလှယ်တော်ကြီးရဲ့ တင်ပြချက်များကိုလည်း ကျွန်တော်ဦးဆောင်တဲ့ တိုင်းရင်းသားရေးရာ ဆပ်ကော်မတီအနေနဲ့ ကယားပြည်နယ်ကို သွားရောက် ချိန်မှာ အထူးကိစ္စတစ်ရပ်အနေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ရှားတောမြို့နယ်အပါအဝင် ဖွံ့ဖြိုးမှုနောက်ကျသော ဝေးလံမြို့နယ်များတွင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဦးစားပေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းချက်နှင့် စပ်လျဉ်းပြီးတော့ ဒေသအတွင်းတည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုအပေါ်မူတည်၍ ပြည်ထောင်စုအစိုးရအနေနဲ့သော်လည်း ကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့်သော်လည်းကောင်း၊ ပြည်သူ့ဆန္ဒ သဘောထားနှင့်အညီ စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဒေါ်နန်းနွံ့(ရှားတောမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ဆက်စပ်မေးခွန်းလေး မေးမြန်းတင်ပြ ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ခုနက ပြည်ထောင်စုဝန်ကြီးဖြေသွားတဲ့အတွက်ကြောင့် ကျွန်မတို့ရဲ့ ဒေသ၊ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ဒေသတွေကို ဦးစားပေးဆောင်ရွက်ပေးနေတာလည်း သိရှိပြီးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ သိရှိရတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်မတင်ပြချင်တာကတော့ အဲ့ဒီအထဲမှာပါတဲ့ ရှားတော-ဒေါခအော့-ဒေါတနော-ရွာသစ်လမ်း ၄၈ မိုင်ဟာ သန်းပေါင်း ၁၅၀၀ ဘတ်ဂျက်ကျပါတယ်။ ဒါပေမယ့်လို့ ညှိနှိုင်းအဆင်မပြေတဲ့အတွက်ကြောင့်မို့လို့ အဲ့ဒီလမ်းကိုဆောက် လုပ်ဖို့အတွက်အကန့်အသတ်ရှိပါတယ်။ အဲ့ဒီလမ်းအစား ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ် အစိုးရအဖွဲ့ သဘောတူညီချက်နှင့် ဖရူဆို ဟိုရွာဒီရွာဘက်ကို ပြန်ပြီးတော့မှ ပြောင်းရွှေ့ပေးမယ်လို့ သိရပါတယ်။ ကျွန်မတင်ပြချင်တာကတော့ အဲ့ဒီမှာကတ္တရာလမ်း ၁၀ မိုင်၊ ကျောက်ချောလမ်းမိုင် ၃၀ စသည်ဖြင့်ပါတဲ့အထဲမှာ ကတ္တရာလမ်း ၁၀ မိုင်ကို ကျွန်မတို့ လွိုင်ကော်-ပွန်ချောင်း-ရှားတောလမ်း အပိုင်းဖြစ်တဲ့ ပွန်ချောင်း-ရှားတောလမ်းအပိုင်းကို ကတ္တရာလမ်း ဖြည့်ပေးမယ်ဆိုလို့ရှိရင်တော့ သင့်မြတ်မယ်လို့ထင်ပါတယ်။ သို့သော်လည်း ဒီလမ်းအပိုင်းကတော့ လွိုင်ကော်- ပွန်ချောင်း- ရှားတော

လမ်းကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ရှိတဲ့လမ်းဖြစ်ပြီးတော့ အခုက နယ်စပ်ဒေသရေးရာနှင့်ပတ်သက်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့တင်ပြဖို့အခက်အခဲရှိတာကို ထပ်မံတင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျန်းမာရေးဌာနနဲ့ပတ်သက်ပြီးတော့မှ ကျေးလက်ကျန်းမာရေးဌာနတစ်ခုရယ် နောက် ကျေးလက်ကျန်းမာရေးဌာနခွဲလေးခုရယ် ကျွန်မတို့ ၂၀၁၂-၂၀၁၃ ဘတ်ဂျက်မှာရော၊ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာရောနှစ်ခါ ခွင့်ပြုရရှိပါတယ်။ သို့သော်လည်း ယနေ့အထိ အဲ့ဒီဆေးခန်းငါးခုဟာ အကောင်အထည်မဖော်နိုင်သေးပါဘူး။ ဒါလည်း အကန့်အသတ်အမျိုးမျိုးကြောင့်ဖြစ်ပါတယ်။ ဘာလဲဆိုရင် ဥပမာ ဒေါခအော့တို့ဆိုလို့ရှိရင် အခုမှ နယ်စပ်ဒေသကနေပြီးတော့မှ၊ ဒုက္ခသည်စခန်းကနေပြီးတော့မှ ရွာသားတွေပြန်လာနေခါစအချိန်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လူလည်းမများသေးပါဘူး။ နောက်ပြီးတော့ ဒေါပလောအဲ၊ ဒေါအင်လ၊ ဒေါအင်ခ၊ ဒေါလွယ်မူးတို့ဆိုလို့ရှိရင်လည်း လူမနေတော့တဲ့ရွာတွေဖြစ်ပါတယ်။ အရင်ကတည်းက စုစည်းထားတဲ့ရွာရှောင်တွေဖြစ်ပါတယ်။ သို့သော်လည်း အဲ့ဒီမှာ လူနေတဲ့ ဒေါလဲတူတို့၊ စလောင်းတို့၊ ပွန်ချောင်းတို့ဟာဆိုလို့ရှိရင် ကားလမ်းမပေါ်မှာရှိပြီးတော့မှ တကယ်လည်းလိုအပ်ချက်ရှိတဲ့ရွာများဖြစ်ပါတယ်။ အဲ့ဒါကြောင့် အဲ့ဒီခုနကကျေးလက် ကျန်းမာရေးဌာနခွဲမဆောက်နိုင်တဲ့နေရာအစား အဲ့ဒီသုံးရွာကို ကျွန်မတို့ပြန်လည်တင်ပြထားသော်လည်း ယနေ့အထိ အဖြေမသိရှိရသေးပါဘူး။ ဘတ်ဂျက်လည်းကုန်ခါနီးဖြစ်တဲ့အတွက်ကြောင့် အဲ့ဒါကိုလည်း ထပ်မံတင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဗိုလ်ချုပ်မောင်မောင်အုန်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ ကိုယ်စားလှယ်တော်ကြီးမေးတဲ့မေးခွန်းများကို ကျွန်တော်ပြန်လည်ဖြေရှင်းတင်ပြပါမယ်။ ကျွန်တော်တို့ လွယ်တော်-လွိုင်ကော်- ရှားတောလမ်းကတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဖြစ်ပါတယ်။ ဒီ့အတွက် ကျွန်တော်တို့ ပြည်သူ့ဆောက်လုပ်ရေးဌာနနဲ့ ပြန်လည်ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ နောက်ခုနက ကျွန်တော်တင်ပြခဲ့တဲ့လမ်းပေါ့လေ။ ဒီလမ်းနှင့်ပတ်သက်ပြီးတော့လည်း ခုနကသဘောမတူတဲ့အတွက်ဆိုတဲ့အနေအထားမှာလည်း ကျွန်တော်တို့ KNDP အဖွဲ့နှင့်ဆွေးနွေးတဲ့အခါမှာ KNDP အဖွဲ့က ရှားတော-ရွာသစ်လမ်းကိုကန့်ကွက်တဲ့အတွက် ပြည်နယ်အစိုးရအနေနဲ့ သီးခြားတစ်နေရာမှာဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပြီးခဲ့တဲ့သုံးပတ်လောက်က ကျွန်တော်တို့ ကယားပြည်နယ်ကိုသွားပြီးတော့ KNDP အဖွဲ့နဲ့ဆွေးနွေးခဲ့ပါတယ်။ အဲ့ဒီက ဒုတိယဥက္ကဋ္ဌ ဦးဦးရယ်၊ နောက်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးတို့နဲ့ဆွေးနွေးပြီးတဲ့အခါမှာ ယနေ့ကျွန်တော်တို့ တစ်နိုင်ငံလုံးအပစ်

အခတ်ရပ်စဲရေးထိုးဖို့အတွက်လည်း ကျွန်တော်တို့စီမံဆောင်ရွက်ခဲ့တဲ့ အနေအထားလည်းရှိပါတယ်။ ရှားတောဒေသအပါအဝင် သံလွင်မြစ်အရှေ့ခြမ်းက ဒေသအားလုံးကို ယနေ့တိုင် ကျွန်တော်တို့က KNDP အဖွဲ့နှင့်ပေါင်းစီးပြီးတော့မှ ဆောင်ရွက်ဖို့လည်း အကြမ်းဖျင်းတော့ စီမံထားရှိပါတယ်။ ဥပမာ ပြောရရင် KNDP ကတောင်းဆိုတဲ့ ရှားတော-ဒေါတနော-သစ်ဆည်-ဘီဘီနိုင်းလမ်းဆိုရင်လည်း ၅၆ မိုင်ကို နတလရန်ပုံငွေနှင့်ဆောင်ရွက်ပေးဖို့ ကျွန်တော်ပဲသဘောတူခွင့်ပြုခဲ့ပါတယ်။ ခုနက ဒီရှားတော မြို့နယ်မှာတင် ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ဆေးပေးခန်းငါးခန်းအပါအဝင် ကျန်တဲ့လုပ်ငန်းများ ကိုလည်း ကျွန်တော်တို့အခု KNDP အဖွဲ့နဲ့ဆက်စပ်ပြီးတော့မှ ဒေသဖွံ့ဖြိုးရေးများကို အရှိန်အဟုန်နဲ့ လုပ်ဖို့ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနမှာလည်း ငြိမ်းချမ်းရေးဖော်ဆောင်မှု အတွက် ရန်ပုံငွေဆိုတဲ့ သီးခြားရန်ပုံငွေတစ်ခုရှိပါတယ်။ ကျွန်တော်တို့ဆီမှာ ၈ ဘီလီယံလောက် ရှိပါတယ်။ ကယားပြည်နယ်မှာဆိုရင်တော့ ကျွန်တော်တို့ သန်း ၈၅၅ သန်း လောက်သာ အကြမ်းဖျင်း လျာထားပါတယ်။ နောက်ပြီးတော့ နယ်မြေဒေသတည်ငြိမ်ပြီဆိုတာနဲ့ ခုနက ကိုယ်စားလှယ်ကြီးတင်ပြ ခဲ့တဲ့ ရှားတောတင်မကဘူး။ အောက်ဘက်ကတောက်လျှောက်ပေါ့။ ဆုပန်၊ ဒေါခအော့ ဒီဒေသတွေ အားလုံးကို လက်ရှိရှိတဲ့ရန်ပုံငွေအရသော်လည်းကောင်း၊ ထပ်မံလိုအပ်လာရင် နိုင်ငံတော်အစိုးရရဲ့ သီးသန့်ရန်ပုံငွေကနေပြီးတော့ ကျွန်တော်တို့ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ ဒေသများရဲ့ ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို ကျွန်တော်တို့အရှိန်အဟုန်နဲ့ လုပ်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့်တော့ ကျွန်တော်ဦးဆောင်တဲ့ တိုင်းရင်းသားရေးရာဆပ်ကော်မတီတွေက ဒီကိစ္စကို အလေးထားဆောင်ရွက် ပါတယ်။ ဒါကြောင့် ကျွန်တော်ကယားပြည်နယ်ကို ရောက်တဲ့အချိန်ကျရင် ထပ်မံပြီးတော့မှ ဒီဒေသ ဖွံ့ဖြိုးရေးအတွက်ကို အသေးစိတ် ကျွန်တော် ပြည်နယ်အစိုးရနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့မှ ဆက်လက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ကျွန်တော် ဖြေရှင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ချင်းပြည်နယ်အတွင်းရှိ ကျောင်းများ၊ ဆေးရုံများအတွက် ခွင့်ပြုချမှတ်ထားသည့် ရန်ပုံငွေများနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိပ်န်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်အားလုံးကို မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ဆက်လိုပါတယ်။ အခုကျွန်တော်မေးမြန်းမယ့်မေးခွန်းကို ဖြေလိုက်တဲ့

အခါမှာ ဖြေဆိုမယ့်ဌာနက နယ်စပ်ရေးရာဝန်ကြီးဌာနလို့ ဖော်ပြထားတဲ့အတွက်ကြောင့် ကျွန်တော့် အနေနဲ့ စောစောကဒေါ်နန်းနွံတင်ပြသွားတဲ့ကိစ္စတွေလည်း တချို့ပါဝင်သွားမှာ ဖြစ်တဲ့အတွက်ကြောင့် ခွင့်ပြုပေးပါရန် ဥက္ကဋ္ဌကြီးကို ရိုသေစွာတင်ပြတောင်းဆိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်၊ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့လုပ်ငန်းတွေ၊ ကျွန်တော်တို့အထူးသဖြင့် ချင်းပြည်နယ်မှာရှိတယ်ဆိုတာ လွှတ်တော်ရောက်ပြီး တစ် နှစ်လောက်အကြာမှာပဲ ကျွန်တော်သိရှိရပါတယ်။ ကျွန်တော်ညံ့လို့လဲဖြစ်ပါတယ်။ သို့သော်လည်းပဲ အထူးသဖြင့်ကျွန်တော်နေထိုင်တဲ့ ဖလမ်းမြို့နယ်ဟာ နယ်စပ်အစွန်အဖျားဒေသဖြစ်တယ်။ အဲ့ဒီဒေသဟာတိုးတက်မှုအနိမ့်ကျဆုံးနေရာတွေမှာပါဝင်သော်လည်းပဲ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ လက်ရာခြေရာကို ကျွန်တော်ရှာလို့မတွေ့တဲ့အတွက်ကြောင့် နည်းနည်းတော့အံ့သြမိပါတယ်။ အဲ့ဒီတော့ ဒီနေ့မှာလည်း ကျွန်တော်ထပ်ပြီးတော့ ဒီထဲမှာမေးထားတာကတော့ ရန်ပုံငွေချမှတ်ပြီးသားကိစ္စတွေကို ဘယ်လိုဘယ်နည်းနဲ့ဆောင်ရွက်မလဲ။ ဘယ်အချိန်၊ ဘယ်အခါမှာအကောင်အထည်ဖော်မလဲဆိုတဲ့အပိုင်းနဲ့ သက်ဆိုင်ပါတယ်။ ဒါကြောင့်မို့လို့ အခုကျွန်တော့်အနေနဲ့ လိုရင်းတိုရှင်းပြောရမယ်ဆိုရင် ၂၀၁၂-၂၀၁၃ မှာ နယ်စပ်ဒေသကနေ ချမှတ်ထားတဲ့ အထူးသဖြင့် ကျွန်တော့်မြို့နယ် ဖလမ်းမြို့နယ်အတွက် ခွင့်ပြုရန်ပုံငွေဟာလည်း ကျွန်တော်မပြောတတ်တော့ဘူး။ အဲ့လိုဖြစ်နေပါတယ်။ နောက်တစ်ခါ ၂၀၁၃-၂၀၁၄ မှာ ခွင့်ပြုထားတဲ့ ရန်ပုံငွေတွေဟာလည်း ကျောင်းအတွက်၊ ဆေးရုံအတွက်၊ ကျန်တဲ့နေရာတွေအတွက် ခွင့်ပြုထားတဲ့ ရန်ပုံငွေဟာလည်း ကနေ့အထိ သက်ဆိုင်ရာကျေးရွာတွေကလည်း သိရှိခြင်းမရှိသေးပါဘူး။ ကျွန်တော် ပြီးခဲ့တဲ့အပတ်မှာ ဖလမ်းအုပ်ချုပ်ရေးမှူးရုံးကို ဖုန်းဆက်တဲ့အခါမှာ ဘာပြောလဲဆို အဲ့ဒီခွင့်ပြုငွေတွေ ကျွန်တော့်ဆီကိုမရောက်သေးဘူးဆိုတော့ ကျွန်တော်တို့ဒီနေ့ ဒီမိုကရေစီအစိုးရအရာအားလုံးမှာ Transpiration ရှိဖို့ဆိုပြီးတော့ ကျွန်တော်တို့ဦးစားပေးဆောင်ရွက်နေတဲ့အချိန်မှာ ဒီချထားတဲ့ ဘတ်ဂျက်တွေဟာ အခုထိ လျှို့ဝှက်နေတုန်းပဲဆိုတဲ့အခါမှာ သက်ဆိုင်ရာကျေးရွာတွေကလည်း လည်တဆံ့ဆံ့နဲ့ ငါတို့မြို့၊ ငါတို့ရွာရဲ့ ကျန်းမာရေးဌာနအဆောက်အအုံ ဘယ်တော့ဆောက်မလဲ။ ကျောင်းကလေးကိုဘယ်တော့ တည်ဆောက်ပေးမလဲစသဖြင့် ရင်မောစွာဖြင့် သူတို့စောင့်ဆိုင်းနေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော်မေးမြန်းချင်တာကတော့ နံပါတ် (၁) အနေနဲ့ ကျောင်းနဲ့ဆေးရုံများအတွက် ခွင့်ပြုရန်ပုံငွေ လွှတ်တော်ကနေပြီးတော့မှ အတည်ပြုပေးတာ ၈ လကျော်ပြီဖြစ်တဲ့အချိန်မှာ တစ်ခုမှအစအနမမြင်ရသေးတာဟာ ဘာ့ကြောင့်လဲ။ နောက်ပြီးတော့ အဲ့ဒီအဆောက်အဦတွေကို ကျွန်တော်တို့ချင်းပြည်နယ်မှာဆိုရင် အထူးသဖြင့် နယ်စွန်နယ်ဖျားတွေမှာ

အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်တွေမရှိပါဘူး။ မရှိတဲ့အခါမှာဘာလုပ်ရလဲဆိုရင် ကြိုတင်ပြီးတော့ ရရှိတဲ့ဟာလေးနဲ့ ရနိုင်တဲ့နေရာကနေပြီးတော့ စုဆောင်းပြီးတော့ဝယ်ယူရပါတယ်။ အဲ့လိုဖြစ်တဲ့ အတွက်ကြောင့် အခုထိ ၈ လကျော်ပြီးတဲ့အထိ လုပ်ငန်းဘာမှမစသေးဘူးဆိုရင် အချိန်မီကောပြီးနိုင်ပါ့ မလား။ မပြီးနိုင်လို့ရှိရင် ရရှိတဲ့ရန်ပုံငွေဟာ စာရင်းဇယားမှာပဲ ရစေပြီးတော့ တကယ်တမ်း လက်တွေ့မှာ အကောင်အထည်မဖော်ဖြစ်သွားမှာဖြစ်တဲ့အတွက်ကြောင့် ဒီကိစ္စတွေကို ခွင့်ပြုပေးတဲ့ ဌာနဆိုင်ရာတွေအနေနဲ့ ဘယ်လိုဆက်လက်ပြီးတော့ ဆောင်ရွက်မလဲဆိုတာ လူထုကလည်းသိချင်နေ ကြပါတယ်။ တိတိကျကျဖော်ပြမယ်ဆိုလို့ရှိရင် ဒီနှစ်ဘတ်ဂျက်မှာ ကျွန်တော်တို့ဖလမ်းမြို့မှာ ဆရာဝန် တွေမနေချင်ပဲ ထွက်ထွက်ပြေးသွားတဲ့အတွက်ကြောင့် သူတို့အတွက် အိမ်ရာကောင်းကောင်းလေး ဆောက်ပေးရင်တော့ နေချင်ကောင်းနေနိုင်မယ်လို့ ယူဆတဲ့အတွက်ကြောင့် ကျွန်တော်တို့တောင်း ဆိုတဲ့အခါမှာ ၄ ခန်းတွဲနှစ်ထပ်ဆောင်ဆောက်ဖို့ရာ Sanction ကျပါတယ်။ ထိုနည်းလည်းကောင်းပဲ သူနာပြု များအဆောင်မွမ်းမံဖို့လည်း စံပေးထားပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကိုလည်း အထူး ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်လို့ ယနေ့အထိတော့ ဘာမှ စတင်ပြီးတော့ ဆောင်ရွက်ခြင်းမရှိ သေးတာ၊ ထပ်ပြီးတော့မရသေးတော့ ရင်တထိတ်ထိတ်နဲ့ အခုကျန်တဲ့ ၄ လလောက်မှာ သူတို့ဘယ်လို လုပ်မလဲဆိုတာကို ကျွန်တော်တို့အနေနဲ့ စိုးရိမ်နေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဘတ်ဂျက်ကြီးက လွန်သွားလို့ ဘာမှမလုပ်ဖူးဆိုရင်၊ ပြဿနာဖြစ်မှာစိုးလို့ နောက်တစ်ခုကလည်း ကျေးလက်တောရွာ တွေအနေနဲ့ ကျန်းမာရေးဌာနဖြစ်တဲ့ ဇောင်ထဲကြီးရွာ၊ နောက်ပြီးတော့ စအဲ့၊ နောက်ပြီးတော့ ဆိုင်ပီး အဲ့ဒီဒေသတွေမှာ အဆောက်အအုံဆောက်ဖို့ သန်း ၆၀ လောက်ချပေးပါတယ်။ ဒါတွေဟာလည်း ဆက်သွယ်ရေးအင်မတန်ခက်ခဲတဲ့ ဒေသဖြစ်တဲ့အတွက်ကြောင့် စောစောစီးစီးသာ ရန်ပုံငွေမရလို့ ရှိရင် အချိန်မီပြီးနိုင်ဖို့ရာ အတော့်ကိုအခက်အခဲရှိပါတယ်။ အဲ့ဒီကိစ္စတွေအားလုံးဟာ ကျွန်တော်တို့ ပြောမယ်ဆိုရင် ပြည်ထောင်စုကနေပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာနကနေပြီးတော့ သက်ဆိုင်ရာ ပြည်နယ်အစိုးရကိုပဲပေးတာလား။ ဒါမှမဟုတ် သက်ဆိုင်ရာခရိုင်/မြို့နယ်တွေကို ဒီကနေပြီးတော့ ခွင့်ပြုရန်ပုံငွေရရှိတဲ့ဟာကို အကြောင်းကြားသလားဆိုတာ သိလိုပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အခုထိ မယကမှာတောင်မသိသေးဘူးဆိုတော့ ပြဿနာကအတော်ကြီးနေပါတယ်။ အဲ့ဒီတော့ ထင်သာမြင်သာမရှိလို့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေကို မေးခိုင်းတဲ့အခါမှာလည်း ပြည်နယ်လွှတ်တော်မှာ ပြည်နယ်အစိုးရက ဒါတွေမင်းတို့သိဖို့မဟုတ်ဘူးဆိုပြီးတော့ပဲ အဖြေပေးတယ် လို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့အပြောကြားရပါတယ်။ ပြည်နယ်အစိုးရကပဲ ချုပ်ကိုင်ထားပြီး

တော့ သူတို့နဲ့အလျဉ်းသင့်တဲ့သူတွေကိုပဲ တင်ဒါပေးတာလား။ ဘယ်လိုလုပ်သလဲဆိုတာ ထင်သာမြင်သာမရှိပါဘူး။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရကနေပြီးတော့ သက်ဆိုင်ရာပြည်နယ်တွေကို ခွဲပေးတဲ့ဘတ်ဂျက်တွေ၊ ချမှတ်ပေးတဲ့ရန်ပုံငွေတွေကို ကျွန်တော်သိလိုတာက ဥက္ကဋ္ဌကြီးကတစ်ဆင့်ထပ်ပြီးတော့မေးချင်တာကတော့ ဘာလဲဆိုရင် Transparency ရှိအောင် ရရှိတဲ့ခွဲတမ်းမြို့နယ်အလိုက်ကို လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးက သိရှိပြီးတော့ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲများနှင့်တကွ သက်ဆိုင်ရာကျေးရွာတွေကိုလည်း အသိပေးနိုင်ခြင်းရှိ/မရှိ။ အဲ့လိုအသိပေးလို့ရှိရင် စောစောစီးစီးအသိပေးလို့ရှိရင် ဘယ်လိုအန္တရာယ်များရှိပါသလဲ။ အန္တရာယ်မရှိလို့ရှိရင် အသိပေးရင်မကောင်းဘူးလားဆိုတာ အဲ့ဒီကိစ္စလေးကို ကျွန်တော်က ကျွန်တော့်ရင်ထဲမှာရှိနေတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခွန်လိန်း ဆွေးနွေးတင်ပြတာကို လွှတ်တော်ကိုယ်စားလှယ်တွေ အတော်အားပေးကြောင်းကြားလိုက်ရပါတယ်။ တယ်လီဖုန်းကလည်း အားပေးသွားပါတယ်။ ဒါ့ကြောင့် ဦးခွန်လိန်းမေးတဲ့မေးခွန်းကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေနိုင်သလောက်ပြန်ဖြေပေးပါ။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မောင်မောင်အုန်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ဆက်လက်ပြီး ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခွန်လိန်းရဲ့မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့တော့ ချင်းပြည်နယ်အပါအဝင် နယ်စပ်ဒေသအားလုံးရဲ့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ၁၉၈၉ ခုနှစ်ကစပြီးတော့မှ ယနေ့အချိန်အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ထိဆိုလို့ရှိရင် ကျွန်တော်တို့ ၄ ဘီလီယံကျော်ပေါ့။ ကျပ်သန်းပေါင်း ၄၉၆၃.၄၂ ကျပ်သန်း ခွင့်ပြုဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလုပ်ငန်းများအနက်မှာဆိုရင် ခုနက ချင်းပြည်နယ်ကိုယ်စားလှယ်တော်ကြီး ၊ ဖလမ်းမြို့နယ်မှာဆိုလို့ရှိရင် ဆေးရုံတစ်ရုံ၊ ဆေးပေးခန်းတစ်ခန်း၊ အ-လ-က တစ်ကျောင်း၊ အ-မ-က တစ်ကျောင်း၊ ဝန်ထမ်းအိမ်ရာ တစ်လုံး၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ရေသွယ်မြောင်း ငါးခု၊ ဘုန်းကြီးကျောင်း သုံးကျောင်း၊ သီလရှင်တစ်ကျောင်းနှင့် သာသနိကမွမ်းမံပြင်ဆင်မှုလုပ်ငန်း သုံးခု၊ မြို့တွင်း ရေပေးရေး

လုပ်ငန်း တစ်ခု၊ အားကစားကွင်းပြင်ဆင်ရေးလုပ်ငန်းတစ်ခုတို့အတွက် စုစုပေါင်း ရန်ပုံငွေကျပ် ၃၅ သန်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

အခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာဆိုရင်လည်း ကျွန်တော်ရှေ့မှာတင်ပြခဲ့ပြီးတဲ့အတိုင်းပါပဲ။ ငွေကျပ်သန်းပေါင်း ငါးဘီလီယံကျော် ကျပ်သန်းပေါင်း ၅၁၆၁.၀၇၅ ကျပ်သန်း လျာထားဆောင်ရွက် လျက်ရှိပါတယ်။ ပြီးတော့ ကိုယ်စားလှယ်ကြီးမေးတဲ့တင်ဒါကိစ္စလေးတွေကိုလည်း ကျွန်တော်အသေး စိတ်လေး ရှင်းပြပေးပါမယ်။ ပြီးတော့ လုပ်ငန်းများဆောင်ရွက်တဲ့အခါမှာ နည်းပညာနှင့်လုပ်ငန်း ကျွမ်းကျင်မှုတို့အပေါ်မှာ မူတည်ပြီးတော့မှ ဆောင်ရွက်ရမယ့်ကိစ္စရပ်တွေကိုတော့ ပြည်ထောင်စု အစိုးရအဖွဲ့အစီအမံနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများကနေပြီးတော့ တိုက်ရိုက်တင်ဒါခေါ်ယူ ဆောင်ရွက် ပေးတာတွေရှိသလို ပြည်နယ်အစိုးရကနေပြီးတော့ တိုက်ရိုက်တင်ဒါခေါ်ယူဆောင်ရွက်ပေးရမယ့် လုပ်ငန်းများကိုလည်း ပြည်နယ်အစိုးရအစီအစဉ်နဲ့ တင်ဒါခေါ်ပြီးတော့မှ ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုတင်ဒါခေါ်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ကတော့ ပွင့်လင်းမြင်သာမှုရှိအောင် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သတင်းစာထဲမှာကြေငြာပြီးတော့မှ အိတ်ဖွင့်တင်ဒါစနစ်နဲ့တင်ဒါ ရွေးချယ် ပြီးတော့မှ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီတွေကိုဆိုလို့ရှိရင်လည်း ပထမအရစ် ၂၀ ရာခိုင်နှုန်း ကြိုတင် ငွေထုတ်ပေးပါတယ်။ ပြီးတော့လုပ်ငန်းများကို စတင်ဆောင်ရွက်စေပါတယ်။ ဒုတိယအရစ်အနေနဲ့ ကတော့ ၃၀ ရာခိုင်နှုန်းခွင့်ပြု ဆက်လက်ထုတ်ပေးပြီးတော့မှ လုပ်ငန်းရဲ့ ၅၀ ရာခိုင်နှုန်း ပြီးစီးတဲ့ အခါကျမှသာ တတိယအရစ်အနေနဲ့ ၃၀ ရာခိုင်နှုန်းကို ထပ်မံခွင့်ပြုထုတ်ပေးပါတယ်။ လုပ်ငန်း ဆောင်ရွက်မှုနှင့် လုပ်ငန်းအားလုံးပြီးစီးချိန်ကျမှသာ ပြည်နယ်ကိုယ်စားလှယ်၊ ဝန်ကြီးဌာန ကိုယ်စားလှယ်နဲ့ ကျွမ်းကျင်သူရပ်ရွာကိုယ်စားလှယ်များပါဝင်သော လုပ်ငန်းကြီးကြပ်မှုအဖွဲ့မှ စံချိန် စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိစစ်ဆေးပြီး လုပ်ငန်းအားလုံးကိုလွှဲပြောင်းအပ်နှံပြီးမှသာလျှင် နောက်ဆုံးအရစ် ၂၀ ရာခိုင်နှုန်းကို ခွင့်ပြုငွေထုတ်ပေးခြင်း ဖြစ်ပါတယ်။

ဒီတော့ ပြည်ထောင်စုဝန်ကြီးဌာနမှခွင့်ပြုခဲ့တဲ့ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းရန်ပုံငွေတွေကိုလည်း ခေါင်းစဉ်အလိုက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများကို တိုက်ရိုက်ငွေလွှဲပို့ထုတ်ပေးပြီးတော့မှ လုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရ နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့တွေကလည်း လုပ်ငန်းတစ်ခုချင်းအလိုက် ထိရောက်အောင်

မြင်စွာဆောင်ရွက်နိုင်မယ့် ပြည်နယ်/ခရိုင်/မြို့နယ်/ဒေသအလိုက် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများလိုအပ်သလိုပါဝင်စေ၍ လုပ်ငန်းဆောင်ရွက်မှုကော်မတီ၊ လုပ်ငန်းကြီးကြပ်မှုကော်မတီများဖွဲ့စည်းကာ တင်ဒါစနစ်ဖြင့် အဆင့်ဆင့်တာဝန်ပေးအပ် ဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခွန်လိန်းမေးမြန်းခဲ့တဲ့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ကျောင်းများ၊ ဆေးရုံများအတွက် ခွင့်ပြုချမှတ်ထားတဲ့ ရန်ပုံငွေနဲ့အသုံးပြုတဲ့အခါမှာ သက်ဆိုင်ရာကျေးရွာများနှင့် ညှိနှိုင်းမှုပြုပါသလားဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးဖြေကြားရမယ်ဆိုရင် ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ကျောင်းတွေ၊ ဆေးရုံတွေပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းစတဲ့ လုပ်ငန်းများဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာမြို့နယ်/ ကျေးရွာများသို့ချပြပြီးတော့မှ ကျေးရွာများရဲ့လိုအပ်ချက်၊ ဆောင်ရွက်မယ့် အစီအမံတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် အသိပေး ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူတင်ဒါစနစ်နဲ့ ပြည်မရှိကုမ္ပဏီများကိုသာပေးအပ်ထားပါသလားဆိုတဲ့ မေးမြန်းချက်နှင့်စပ်လျဉ်း၍ အထက်တွင် ကျွန်တော်ရှင်းလင်းဖြေကြားပြီးတဲ့အတိုင်းပဲ မည်သူမဆို ပြည်တွင်း၊ ပြည်ပ၊ ပြည်တွင်းမှာကို ပြည်မတွင်မကပဲနဲ့ နယ်စပ်မှာရှိတဲ့ဒေသခံတိုင်းရင်းသားများရဲ့ လုပ်ငန်းကုမ္ပဏီများအပါအဝင် တင်ဒါအောင်မြင်တဲ့ မည်သည့်ကုမ္ပဏီကိုမဆို တင်ဒါအောင်လို့ရှိရင် လုပ်ငန်းအပ်နှံမည်ဖြစ်ကြောင်း ဖြေရှင်းတင်ပြလိုပါတယ်။ မိမိတို့ကျေးရွာအစီအစဉ်နှင့် ကော်မတီများဖွဲ့စည်းပြီးတော့မှ တာဝန်ယူဆောက်လုပ်ခွင့်ရှိပါသလားဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ပြောရရင် ဒါလည်း တာဝန်ယူဆောက်လုပ်ခွင့်ရှိကြောင်း ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။

ဒီကိစ္စမှာ ဥပမာအားဖြင့် မင်းတပ်မြို့နယ်၊ ထင်ချောင်းကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်း၊ နှစ်ထပ်အုတ်ညှပ်ကျောင်းဆောင်သစ်ကို ပညာရေးဌာနရန်ပုံငွေကျပ် ၄၃၂ သိန်းနဲ့ထင်ချောင်းကျေးရွာသား ဦးမြင့်ဆွေနှင့် ကျေးရွာတည်ဆောက်ရေးကော်မတီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ တင်ဒါရရှိသူကုမ္ပဏီအား ကျေးရွာမှလုပ်ငန်းအကောင်အထည်ဖော်ရာတွင် အဆင်ပြေစေရေးအတွက် ကူညီကြီးကြပ်ဆောင်ရွက်ခွင့်လည်းရှိကြောင်း ကျွန်တော် ဆွေးနွေးတင်ပြလိုပါတယ်။ အဲ့ဒီတော့ ခုနက လုပ်ငန်းများယနေ့အချိန်ထိ မစခြင်းဆိုတဲ့ အနေအထားလေးမှာလည်း ခြုံငုံပြီးတော့ပြောရရင်တော့ ကျွန်တော်တို့တင်ပြပါ ပြီးခဲ့တဲ့ကာလတွေက မိုးတွင်းကာလတွေဖြစ်သဖြင့်လုပ်ငန်းများအနေနဲ့ ဆောင်ရွက်ရန်အခက်အခဲရှိပါတယ်။ ဒီအတွက်လည်း ကုမ္ပဏီတော်တော်များများကတော့ နိုင်သလောက်လုပ်ပြီးရင်တော့ ခုနက ပစ္စည်းစုဆောင်းခြင်း၊ ကျောင်းစုဆောင်းခြင်းလုပ်ငန်း

များကို ဆောင်ရွက်တဲ့ကာလဖြစ်ပြီးတော့မှ ယခုပွင့်လင်းရာသီအစမှာမှ လုပ်ငန်းများကို စတင်ဆောင်ရွက်သွားမယ့်အစဥ်အလာဖြစ်ကြောင်းလည်း ကျွန်တော်တင်ပြ ဆွေးနွေးလိုပါတယ်။ နောက်ချင်းပြည်နယ်အနေအထားဆိုရင်လည်း ဆက်သွယ်မှုအင်မတန်ခက်ခဲပါတယ်။ ကျွန်တော်တို့ ဒီမှာခေါ်ယူပြီးဆွေးနွေးတဲ့အခါမှာ ကုမ္ပဏီများအနေနဲ့ ကျေးရွာတစ်ရွာကို ပစ္စည်းသယ်ဖို့အတွက်ကိုလည်း အထမ်းနဲ့သယ်ရတယ်။ နောက်လမ်းကြောင်းတွေမပေါက်တဲ့အတွက် ဒါတွေကလည်း နှောင့်နှေးမှုတွေလည်းဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အနေနဲ့ ချင်းပြည်နယ်သည်လည်း တိုးတက်မှုနှေးကွေးတဲ့နယ်မြေဖြစ်တဲ့အတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်းလည်း ပြောလိုပါတယ်။ အထူးသဖြင့်တော့ ခုနကကိုယ်စားလှယ်ကြီးမေးတဲ့ကိစ္စမှာ ယနေ့ ကျွန်တော်တို့သွားနေတဲ့စနစ်ကတော့ ပြည်သူကို ဗဟိုပြုတဲ့စနစ်ဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒနှင့်အညီ ကျွန်တော်တို့က ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ဝန်ကြီးဌာနများရဲ့ဘတ်ဂျက်ကိုခွဲဝေတဲ့အခါမှာ ကျွန်တော်တို့ဝန်ကြီးဌာနဆိုရင် ဘတ်ဂျက်ရဲ့တစ်ဝက်လောက်ကို တိုင်းဒေသကြီး/ပြည်နယ်များကို ပြန်လည်ပြီးတော့မှ ခွဲဝေပေးလိုက်ပါပြီ။ နောင်ဆိုလို့ရှိရင် တိုင်းဒေသကြီး/ပြည်နယ်များဟာ နိုင်ငံတော်အစိုးရကို တိုက်ရိုက်တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဘာ့ကြောင့် ကျွန်တော်တို့ဝန်ကြီးဌာနတွေကခွဲပေးသလဲဆိုရင်တော့ ပြည်သူ့ရဲ့ဆန္ဒတွေကို အနီးစပ်ဆုံးသိရှိပြီးတော့မှ လုပ်ကိုင်နိုင်တာဟာ ပြည်နယ်အစိုးရများပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့ဆန္ဒကို အနီးစပ်ဆုံးနှင့်အောင်မြင်အောင် ပြည်နယ်များကို ကျွန်တော်တို့ ဘတ်ဂျက်တစ်ဝက်ခွဲပေးပြီးတော့မှ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားလိုပါတယ်။ ကျွန်တော်အခု ကိုယ်စားလှယ်တော်ကြီးရဲ့ အခုတင်ပြဆွေးနွေးချက်များကို မှတ်ထားပါမယ်။ ကျွန်တော်ဦးစီးတဲ့ တိုင်းရင်းသားရေးရာဆပ်ကော်မတီချင်းပြည်နယ်သွားလို့ရှိရင် ဒီကိစ္စများကို ကျွန်တော်ပြည်နယ်အစိုးရနဲ့ ပြန်လည်ပေါင်းစပ်ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။ ဆေးရုံနှင့် ကျောင်းများဆိုတော့ တချို့တစ်လေက အဲ့ဒီဆေးရုံနှင့်ကျောင်းအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူပြီးတော့၊ အချို့လည်း ဌာနဆိုင်ရာကနေတာဝန်ယူဟာလည်း ရှိလိမ့်မယ်လို့ထင်ပါတယ်။ အဲ့ဒီတုန်းက ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုအစီအစဥ်ရှိသလဲဆိုတာ ထပ်ပြီးတော့ သိလိုပါတယ်။ ဘာ့ကြောင့်လဲဆိုရင် ဒီနှစ်ပြည်ထောင်စုအစိုးရရဲ့ကျေးဇူးကြောင့် ကျွန်တော်တို့ ဖလမ်းမြို့နယ်မှာ ကျောင်းတွေ၊ ဆေးခန်းတွေ၊ ဆေးရုံအဆောက်အဦတွေလည်း တော်တော်လေးရထားတဲ့အတွက်ကြောင့် ကျွန်တော့်

အနေနဲ့ အချိန်မီမပြီးနိုင်မှာစိုးရိမ်တဲ့အတွက်ကြောင့် အဲ့ဒီဌာနတွေ၊ ဝန်ကြီးဌာနတွေအနေနဲ့ကော ဘယ်လိုများ ကျွန်တော်တို့ကို နှစ်သိမ့်နိုင်မလဲဆိုတာ ကျွန်တော်သိချင်လို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် ထပ်ပြီးတော့မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်မောင်မောင်အုန်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့မေးခွန်းကို ပြန်လည်ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့တော့ နယ်စပ်ရေးရာဝန်ကြီးဌာနဆိုတဲ့အတိုင်းပဲ နယ်စပ်မှာရှိတဲ့တိုင်းရင်းသားများရဲ့ ဒေသဖွံ့ဖြိုးရေးကို ကျွန်တော်တို့ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့က တိုင်းရင်းသားနယ်မြေဒေသခံပြည်သူများကတင်ပြလာတဲ့ လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ရာဆောက်လုပ်ရေးစသဖြင့် လုပ်ငန်းအားလုံးကို ကျွန်တော်တို့က ကျွန်တော်တို့ဝန်ကြီးဌာနရန်ပုံငွေမှာ ခွဲဝေသုံးစွဲပါတယ်။ သို့သော် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန စသဖြင့် ဝန်ကြီးဌာနများကလည်း သူတို့ဝန်ကြီးဌာနရဲ့ မူအတိုင်းပဲ သီးခြားဘတ်ဂျက်နဲ့ ပြည်နယ်မှာထပ်မံဆောင်ရွက်တာဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ သွားပြီးတော့မှ ထပ်နေတာမျိုးမရှိပါဘူး။ ထပ်နေခဲ့တာတွေကို တွေ့ရလို့ရှိရင်လည်း ကျွန်တော်တို့က ပြန်လည်ညှိနှိုင်းပြီးတော့မှ လိုအပ်တဲ့နေရာမှာထပ်ပြီးတော့ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ခုနကသုံးစွဲခဲ့တဲ့ငွေတွေကတော့ ဝန်ကြီးဌာနတစ်ခုတည်းရဲ့သုံးစွဲငွေများဖြစ်ပါတယ်။ သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနများအနေနဲ့လည်း ဒီလိုပဲရန်ပုံငွေဘတ်ဂျက်များ လျာထားပြီးတော့မှ ပြည်နယ်အစိုးရကို ကျွန်တော်တို့လိုပဲ တင်ဒါစနစ်နဲ့လုပ်ငန်းအပ်နှံပြီးတော့ ဆောင်ရွက်စေလျက်ရှိကြောင်း ကျွန်တော်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က ရခိုင်ပြည်နယ်၏ အမျိုးသားအကျိုးစီးပွားကိုရှေးရှုပြီး ဘူးသီးတောင်၊ မောင်တောဒေသတွင် ဘက်စုံထောင်စုံမှ ထိရောက်သော ပေါင်းစပ်ညှိနှိုင်းထားသည့် လုံခြုံရေး၊ လူဝင်မှုကြီးကြပ်ရေး၊ အုပ်ချုပ်ရေးအစီအမံများကို ယခင်ကထက် သာလွန်ကောင်းမွန်သည့် အစီအမံများဖြင့် အမြန်ဆုံးချမှတ်စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ အဆိုတစ်ခုတင်သွင်းထားပါတယ်။ ဒီအဆိုနဲ့ပတ်သက်၍ တင်သွင်းရန် ဒေါ်ခင်စောဝေအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေဖြစ်ပါတယ်။ ကျွန်မက ရခိုင်ပြည်နယ်အတွက်ဖြစ်တဲ့ အဆိုတစ်ခုကို တင်သွင်းမှာဖြစ်ပါတယ်။ ရှိသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ဘူးသီးတောင်၊ မောင်တောဒေသမှာ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းဆောင်ရွက်ဆဲ လူဦးရေ ၈ သိန်းခန့်ရှိပါတယ်။ ၎င်းတို့နှင့်ပတ်သက်၍ နယ်စပ်ဒေသလုံခြုံရေး၊ နိုင်ငံသားစိစစ်ဆေးသူများ၏ လက်ထပ်ထိမ်းမြားမှု၊ မွေးဖွားမှု၊ ခရီးသွားလာမှု၊ အိုးအိမ်အဆောက်အအုံဆောက်လုပ်မှု၊ ဘာသာရေးအဆောက်အအုံများဆောက်လုပ်မှု၊ မြေယာပိုင်ဆိုင်မှု စတဲ့လုပ်ငန်းများကို နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲဌာနမှူးချုပ်က တည်ဆဲဥပဒေနှင့်အညီ နှစ်ပေါင်း ၂၀ ခန့်ဆောင်ရွက်ရာမှာ အထိုက်အလျောက်ထိန်းချုပ်ဆောင်ရွက်ခဲ့ပါတယ်။ ယင်းကဲ့သို့ ဆောင်ရွက်နိုင်စွမ်းရှိအောင် တပ်ဖွဲ့မှာဆိုလို့ရှိရင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အကောက်အခွန်ဦးစီးဌာနတို့ကို ထည့်သွင်းပေါင်းစည်း၍လည်းကောင်း၊ တစ်ဖွဲ့ချင်းစီ၏ မူလတာဝန်များကိုလည်းကောင်း ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ယခုအခါမှာ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့မှစပြီးတော့ (န.စ.က) အဖွဲ့ကိုဖျက်သိမ်းကြောင်း အမိန့်ထုတ်ပြန်ပါတယ်။ သို့ရာတွင် ယခင်က (န.စ.က) အဖွဲ့၏ လုပ်ငန်းတာဝန်များကိုအစားထိုးဆောင်ရွက်ရန် အသင့်မဖြစ်သေးကြောင်းကိုလည်း တွေ့ရှိနေရပါတယ်။ ယခုကဲ့သို့ (န.စ.က) ဖျက်သိမ်းပြီးနောက်မှာ နိုင်ငံသားစိစစ်ဆဲသူများအနေဖြင့် ထိန်းချုပ်ကန့်သတ်စစ်ဆေးမှုတစ်စုံတရာမရှိတော့တဲ့အတွက် ယခင်အခြေအနေများနဲ့ ပြောင်းပြန်ဖြစ်သွားပြီးတော့ ကြီးကြပ်ကွပ်ကဲမှုများမရှိဘဲနဲ့ လုပ်ဆောင်လျက်ရှိကြောင်းကိုတွေ့ရှိရပါတယ်။ တစ်ဖက်နိုင်ငံမှာ နေ့ည

လွတ်လပ်မှုသွားလာရာမှ ဩဂုတ်လ ၁၆ ရက်နေ့မှာ ၃ နာရီအချိန်ခန့်က နတ်မြစ်ထဲမှာ စက်လှေတစ်စီးနစ်မြုပ်ပြီးတော့ လူဦးရေ ၃၀ ခန့်သေဆုံးကြောင်းကိုလည်း သိရှိရပါတယ်။ နယ်စပ်ဒေသမှာ မေးတင်ပြီး တစ်ဖက်နိုင်ငံအတွင်း ဖွင့်လှစ်ထားတဲ့ အင်အား သိန်းဂဏန်းရှိတဲ့ ဒုက္ခသည်စခန်းအမည်ခံ နေရာများတွင် နေထိုင်တဲ့အလုပ်လက်မဲ့ လူလတ်ပိုင်းအရွယ်များကို မိမိတို့ပြည်နယ်အား တိုက်ခိုက်ရန် အင်အားစုတစ်ရပ်အဖြစ် အစွန်းရောက်အဖွဲ့များက သိမ်းသွင်းပြီး သင်တန်းများ ဖွင့်လှစ်လေ့ကျင့် သင်ကြားပေးနေကြောင်းနဲ့ လူမျိုးရေး၊ ဘာသာရေးအမည်ခံအဖွဲ့များက အလုံးအရင်းနဲ့ ကူညီထောက်ပံ့မှုပေးအပ်နေကြောင်းကို သိရှိရပါတယ်ရှင်။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ တစ်ဖက်နိုင်ငံ၏ ရွေးကောက်ပွဲအကြိုကာလမှာ ပါတီကြီးနှစ်ခု အားပြိုင်မှု၊ အထွေထွေသပိတ်မှောက်မှု၊ ဆူပူအကြမ်းဖက်ဆန္ဒပြမှုများ ဆက်တိုက်ဖြစ်ပေါ်ပြီး အုပ်ချုပ်ရေးယန္တရားလျော့ရဲနေချိန်နဲ့ တိုက်ဆိုင်နေတဲ့အတွက် နယ်စပ်ဒေသထဲမှာရှိတဲ့ လက်နက်ကိုင်အင်အားစုများအတွက် ထိန်းချုပ်သူမရှိဘဲ စိတ်ကြိုက်ကြံစည်လုပ်ဆောင်နိုင်တဲ့ အခြေအနေမျိုးဖြစ်နေပါတယ်ရှင်။ ယခုလိုအချိန်မှာ ၎င်းတို့နဲ့ထိစပ်နေတဲ့ ဘူးသီးတောင်၊ မောင်တောဒေသမှာလည်း (န.စ.က) ဖျက်သိမ်းပြီး အင်အားလစ်ဟာမှုဖြစ်ပေါ်နေသောအချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့နေရပါတယ်ရှင်။ (န.စ.က) ၏နေရာမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဝင်ရောက်လာတယ်ဆိုသော်လည်း လူအင်အားဖြင့် ယခင် (န.စ.က) အင်အားထက် ထောင်ဂဏန်းခန့်လျော့နည်းခြင်း၊ နယ်မြေမကျွမ်းကျင်မှု၊ နယ်စပ်ဒေသတွင် လုံခြုံရေးဆောင်ရွက်မှုနဲ့ စစ်နည်းဗျူဟာ အတွေ့အကြုံမရှိတဲ့အတွက် အင်အားနည်းပါးမှုအတွက်နဲ့လည်း မြစ်ပေါက်၊ ချောင်းပေါက်နဲ့ ကင်းစခန်းများတွင် လုံခြုံရေး အပြည့်အဝမချထားနိုင်ခြင်း၊ မြို့ပေါ်မှ (လ.ဝ.က) လုပ်ငန်းများ ရပ်တန့်နေခြင်းတို့ကို တွေ့မြင်ကြားသိနေရပါတယ်။ ဒေသခံတိုင်းရင်းသားများအနေဖြင့် စိုးရိမ်ကြောက်ရွံ့ထိတ်လန့်နေကြောင်းလည်း ပြောဆိုကြပါတယ်။ ဒီအခြေအနေဟာ ရခိုင်ပြည်နယ်၏ အနောက်ဘက်တံခါးလုံခြုံရေး၊ ၎င်းဒေသရှိ မိမိတို့၏ တိုင်းရင်းသားများ လုံခြုံရေးအတွက် ခြိမ်းခြောက်မှုကြီးမားစွာ ရင်ဆိုင်နေရပြီး အချိန်မရွေးဘေးအန္တရာယ်ကျရောက်နိုင်တဲ့ အခြေအနေမျိုးလည်းဖြစ်ပါတယ်။ ထို့ကြောင့်လည်း နိုင်ငံတကာသတင်းများမှာ မိမိတို့ပြည်နယ်ဟာ နိုင်ငံတကာအစွန်းရောက် အကြမ်းဖက်အဖွဲ့များ၏ နယ်စပ်ဒေသတွင် စစ်သင်တန်းပြုလုပ်နေတဲ့ပုံများကိုလည်း နိုင်ငံတကာမီဒီယာများမှာ ဖော်ပြလာတာတွေကိုလည်း တွေ့ရှိနေရပါတယ်ရှင်။

ဒါ့ကြောင့် မိမိတို့ပြည်နယ်၏ အနောက်ဘက်တံခါးလုံခြုံရေး၊ ၎င်းဒေသမှာ နေထိုင်တဲ့ မိမိတို့ ညီနောင်တိုင်းရင်းသားများ၏ လုံခြုံရေးအတွက် ယခင်အခြေအနေများထက် သာလွန်ကောင်းမွန်တဲ့ ထိရောက်တဲ့ ကိုင်တွယ်ဆောင်ရွက်မှုများကို ဘက်စုံထောင့်စုံမှ အမြန်ဆုံးစတင်ဆောင်ရွက်ရန် လိုအပ် နေပါတယ်ရှင်။ ဒီလိုဆောင်ရွက်မှလည်း လူ့အခွင့်အရေးဆိုတဲ့စကားလုံးဟာ နိုင်ငံတကာမှာ ရေပန်း စားနေသော်လည်း မိမိတို့၏အမျိုးသားစီးပွားကို အဓိကဦးစားပေး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လူတစ်ဦးချင်း၏ ပုဂ္ဂလိကလွတ်လပ်မှုနဲ့အခွင့်အရေးကို ထိပ်တန်းဦးစားပေးကြောင်း ပြောဆိုလေ့ရှိတဲ့ ကမ္ဘာ့ အင်အားအကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီးတွင်ပင် မိမိနိုင်ငံသားများ၏ တယ်လီဖုန်း၊ အင်တာနက် ဆက်သွယ်မှုများကို ကြားဖြတ်ဖမ်းယူနားထောင်ကြောင်း မကြာသေးမီက ပေါ်ပေါက်ခဲ့ပါတယ်။ သို့ရာတွင် ၎င်းကိစ္စများဟာ ၎င်းနိုင်ငံ၏ အမျိုးသားလုံခြုံရေးအတွက်ဖြစ်ကြောင်း ရှင်းလင်းထား သည်ကိုလည်း လေ့လာဖတ်ရှုရပါတယ်ရှင်။ ၎င်းတို့နိုင်ငံကို တိုက်ခိုက်မည့်အကြမ်းဖက်သမားဟု ယူဆရသူများကို နိုင်ငံတကာစံနှုန်းများအားလစ်လျူရှု၍ တရားရုံးတွင်စစ်ဆေးခြင်းမပြုဘဲ ဂွါဒါနာမို အကျဉ်းစခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားသည်ကိုလည်း အမျိုးသားလုံခြုံရေးအတွက်ဖြစ်သည်ဟု အကြောင်းပြထားကြောင်းကို လေ့လာဖတ်ရှုရပါတယ်ရှင်။ လူ့အခွင့်အရေးကို ပစ်ပယ်ရမည်မဟုတ် သော်လည်း မိမိပြည်နယ် လုံခြုံရေး၊ မိမိတို့ပြည်နယ် အမျိုးသားစီးပွားရေးအတွက် ဦးစားပေးပြီး လုပ်သင့်လုပ်ထိုက်သည်များကို အထက်က ညွှန်ကြားမှမဟုတ်ဘဲ ပြည်နယ်အကျိုးအတွက် ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိ၊ ပြတ်ပြတ်သားသားလုပ်ဆောင်ရန် အချိန်ကျရောက်နေပြီဖြစ်ပါတယ်။ ယခုအချိန်တွင် အမြန်ဆုံးစတင်လုပ်ဆောင်လျှင်ပင် နောက်ကျနေတဲ့ အနေအထားမျိုးဖြစ်ပါတယ်ရှင်။

ကျွန်မတို့ ရခိုင်ပြည်နယ် လယ်ယာကိစ္စနဲ့လည်းသွားလာတဲ့အခါမှာရော ကျွန်မတို့ ဒေသခံ လူထုတွေနဲ့သွားတွေ့တဲ့အခါမှာလည်း ပင်လယ်ကမ်းစပ်နဲ့နီးတဲ့ အငူမောတို့၊ ဆင်ပိုက်တို့၊ ဒွန့်ပိုက်တို့ မှာရှိတယ်ဆိုရင် နွားတွေခဏခဏအခိုးခံရပါတယ်။ အဲ့ဒီနွားတွေ အခိုးခံရတဲ့အခါကျတော့ ဒီနွားတွေ ဟာ ဘယ်ကိုယူသွားသလဲဆိုရင် ဘင်္ဂလားဒေ့ရှ် ဘက်ကိုသွားပါတယ်။ အဲ့ဒီအတွက်ကြောင့် ကျွန်မတို့ ရွာသူရွာသားတွေဟာလည်း တော်တော်များများ လယ်သမားတွေဟာ ဆုံးရှုံးမှုနဲ့ ဖြစ်နေကြပါတယ်။ အဲ့ဒါကို ကျွန်မက ဒီရသေ့တောင်မှာရှိတဲ့ ရဲစခန်းမှူးကို အကျိုးအကြောင်းပြောပြပါတယ်။ အဲ့ဒီအခါ သူက ဘာပြောသလဲဆိုတော့ ကျွန်မတို့ရဲ့ ရခိုင်ပြည်နယ်ဟာတဲ့ လမ်းပန်းဆက်သွယ်ရေးတအားခက် တဲ့အခါ သူတို့လည်း သွားရေးလာရေး တော်တော်ကြီးအခက်အခဲရှိတယ်လို့ ကျွန်မတို့ကိုပြောပြပါ တယ်။ အဲ့ဒီအတွက်ကြောင့် ကျွန်မတို့ရဲ့ လယ်သမားတွေဖြစ်တတ်နေတာက ဒီနွားခိုးနေတာတွေ

တော်တော်များများ ခဏခဏ မကြာခဏဖြစ်ပေါ်နေပါတယ်။ နောက်ပြီး ဒီလ ၂ ရက်နေ့ကလည်း စီးပွားရေးအတွက် ငုံးသွားရှာတဲ့အမျိုးသမီးတစ်စုကို ဒီဘင်္ဂါလီတွေက တိုက်ခိုက်တဲ့ အတွက် တစ်ဦးဟာ သေဆုံးသွားပါတယ်။ အမျိုးသမီးတစ်ဦးက။ တစ်ဦးကတော့ အခုအချိန်ထိ ဆေးရုံမှာ သတိမရဘဲရှိနေပါတယ်။ အဲ့ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်မတို့ရခိုင်ပြည်နယ် တိုင်းရင်းသားပြည် သူများ၏ လုံခြုံရေးဟာ အလွန်တစ်ရာဘဲ အရေးကြီးနေတယ်ဆိုတာ ကျွန်မတို့ ကိုယ်တွေ့သိနေရပါ တယ်ရှင်။ ယခုအချိန်မှာ လုပ်သင့်လုပ်ထိုက်တာကို မလုပ်ဘဲနဲ့ အချိန်ဆွဲရွှေ့ဆိုင်နေဦးမယ်ဆိုလျှင် ကျွန်မတို့၏ အရှေ့ဘက်အိမ်နီးချင်းနိုင်ငံ၏ တောင်ပိုင်းဒေသတွင် သံဃာတော်များ ဆွမ်းခံကြွရာတွင် ပင် ရဲတပ်ဖွဲ့က လုံခြုံရေးလိုက်ပါဆောင်ရွက်ပေးရသည့် အခြေအနေများအထိ ကျွန်မတို့၏ ဘူးသီး တောင်၊ မောင်းတောဒေသဟာ ဆိုက်ရောက်သွားနိုင်ပါတယ်ရှင်။ ရခိုင်ပြည်နယ်၏ အကျိုးစီးပွားဟာ ပြည်ထောင်စု၏ အကျိုးစီးပွားလည်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၏ လုံခြုံရေးဟာ ပြည်ထောင်စုကြီး၏ လုံခြုံရေးအချုပ်အခြာအာဏာလည်းဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ မိမိတို့ပြည်နယ်၏ အမျိုးသား အကျိုးစီးပွားအတွက် ရှေးရှုပြီးတော့ ဘူးသီးတောင်၊ မောင်တောဒေသတွင် ဘက်စုံထောင့်စုံမှ ထိရောက်တဲ့ ပေါင်းစပ်ညှိနှိုင်းထားတဲ့ လုံခြုံရေး၊ လူဝင်မှုကြီးကြပ်ရေး၊ အုပ်ချုပ်ရေးအစီအမံများကို ယခင်ကထက် သာလွန်ကောင်းမွန်တဲ့ အစီအမံများဖြင့် အမြန်ဆုံးချမှတ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စောဝေ တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦး အား ဖိတ်ခေါ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒေါ်ခင်စောဝေ တင်ပြသွားတဲ့ အဆိုနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဒီနေ့ဒီအချိန်မှာ အချိန်နောက်ကျတာနဲ့အမျှ ကျွန်တော်တို့က ပြဿနာကို လက်ယက်ခေါ် ယူသလိုဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီပြဿနာဟာ တရားဥပဒေစိုးမိုးရေး မရှိတဲ့အတွက် ဒါဟာဖြစ်နေ တယ်လို့ ကျွန်တော်တို့ သုံးသပ်လို့လည်းရပါတယ်။ ဒါ့ကြောင့် အခုနက ဒေါ်ခင်စောဝေ တင်ပြသလို အမြန်ဆုံးချမှတ်အကောင်အထည်ဖော်ဖို့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုဟာ အင်မတန်မှပဲ သင့်မြတ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ဟာ လူဦးရေ ထူထပ်တဲ့နိုင်ငံကြီးများကြား လူဦးရေထူထပ်သော်လည်းပဲ မြေနေရာမရှိတဲ့နိုင်ငံများကြားမှာ ပထဝီဝင်

အနေအထားအရနေရတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ဒါ့ကြောင့်လည်းပဲ အခုနက တင်ပြသွားသလို အထူးပြုအဖွဲ့များဖွဲ့စည်းပြီးတော့ သေချာဆောင်ရွက်ဖို့လိုသလိုပဲ ထပ်မံပြီးတော့ ဖြည့်စွက်တင်ပြချင်တာက ဒေါ်ခင်စောဝေ တင်ပြတဲ့ဒေသတွေမှမဟုတ်ဘူး။ အခြားမြန်မာနိုင်ငံ နိုင်ငံနယ်စပ်စည်းမျဉ်း တစ်လျှောက် သံလွင်မြစ်စသည်ဖြင့် ဝင်ပေါက်များနေရာမှာလည်းပဲ အလားတူ အစီအမံများချမှတ်ပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ ဒါ့ကြောင့် ဒေါ်ခင်စောဝေ တင်ပြသွားတဲ့ နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်းအဆိုအား ထောက်ခံတင်ပြအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရကိုယ်စား သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဗိုလ်ချုပ်မောင်မောင်အုန်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ခင်စောဝေ တင်သွင်းတဲ့အဆိုနဲ့စပ်လျဉ်းပြီး ကျွန်တော် ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ခင်စောဝေ တင်သွင်းတဲ့ ရခိုင်ပြည်နယ်ရဲ့ အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး ဘူးသီးတောင်၊ မောင်တောဒေသမှာ ဘက်စုံထောင့်စုံမှ ထိရောက်သော ပေါင်းစပ်ညှိနှိုင်းထားသည့် လုံခြုံရေး၊ လူဝင်မှုကြီးကြပ်ရေး၊ အုပ်ချုပ်ရေး အစီအမံများကို ယခင်ကထက်သာလွန်ကောင်းမွန်သည့် အစီအမံများဖြင့် အမြန်ဆုံးချမှတ်စတင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ စီမံဆောင်ရွက်နေမှုများကို ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည့်ပြည့်စုံစုံနဲ့ဖြစ်စေရန်အတွက် မောင်တောခရိုင်အပြင် ကျွန်တော်ရခိုင်ပြည်နယ်အတွင်းမှာ ဆောင်ရွက်နေမှုများပါ ဖြည့်စွက်ပြီး Power Point နဲ့ရှင်းလင်းတင်ပြသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မောင်တောခရိုင်ဟာ မြန်မာနိုင်ငံရဲ့ အနောက်ဘက်အစွန်းဆုံးမှာတည်ရှိတဲ့ ခရိုင်တစ်ခုဖြစ်ပြီး မြောက်ဘက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အရှေ့ဘက်မှာ ပလက်ဝမြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ တောင်ဘက်မှာ ရသေ့တောင်မြို့နယ်၊ အနောက်ဘက်မှာ နတ်မြစ်နဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံတည်ရှိပြီး အရှေ့နဲ့အနောက် ၃၁.၄၁ မိုင်နှင့် တောင်နှင့်မြောက် ၇၂ မိုင်ခန့်ရှည်လျားကာ ဧရိယာ

စတုရန်းမိုင်ပေါင်း ၁၃၆၅.၉၂ စတုရန်းမိုင်ကျယ်ဝန်းပြီး ဧကအားဖြင့် ၈၇၄၁၈၀ ဧကရှိပါတယ်။ မောင်တော ခရိုင်ဟာ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ တောင်ပြိုလက်ဝဲမြို့နယ်ခွဲတို့နဲ့ ဖွဲ့စည်းထားတဲ့ ခရိုင်တစ်ခုဖြစ်ပြီး ရပ်ကွက် ၁၈ ခု၊ ကျေးရွာအုပ်စု ၁၇၆ စု၊ ကျေးရွာ ၇၄၄ ရွာတို့ဖြင့် ဖွဲ့စည်းထားရှိပြီး နေထိုင်တဲ့လူဦးရေမှာ တိုင်းရင်းသား ၇၂၆၁၆ ဦး၊ ဘင်္ဂါလီ/နိုင်ငံခြားသား ၇၃၈၃၉၃ ဦး၊ စုစုပေါင်း ၈၁၁၀၀၉ ဦးခန့်နေထိုင်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်နယ်စပ်ဒေသတွေမှာ ဖွင့်လှစ်ထားရှိခဲ့တဲ့ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ်ဟာ တည်ဆဲဥပဒေများနဲ့အညီ နယ်စပ်ဒေသလုံခြုံရေး၊ နိုင်ငံသားစိစစ်ဆဲများရဲ့ လက်ထပ်ခွင့်၊ ထိမ်းမြားမှု၊ မွေးဖွားမှု၊ ခရီးသွားလာမှု၊ အိုးအိမ်အဆောက်အအုံဆောက်လုပ်မှု၊ ဘာသာရေးအဆောက်အအုံများ ဆောက်လုပ်မှု၊ မြေယာပိုင်ဆိုင်မှုလုပ်ငန်းတွေကို စနစ်တကျစိစစ်ဆောင်ရွက်ခဲ့ပါတယ်။

နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ်ကို နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ စာအမှတ် အမိန့်အမှတ် (၅၉/၂၀၁၃)နဲ့ ဖျက်သိမ်းခဲ့ပြီးတဲ့နောက်ပိုင်းမှာ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အကောက်အခွန်ဦးစီးဌာနတို့နဲ့အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ရခိုင်ပြည်နယ်နယ်စပ်ဒေသတွေမှာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆက်လက်ဆောက်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်ဟာ တစ်ဖက်နိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ပြည်နယ်တစ်ခုဖြစ်တဲ့အတွက် အချုပ်အခြာအာဏာနဲ့ လုံခြုံမှုကိုထိခိုက်မှုမရှိစေရန် ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးရုံးတစ်ရုံးကို တိုးချဲ့ဖွင့်လှစ်ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တစ်လျှောက် လုံခြုံရေး၊ နယ်ဘက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ထိရောက်စွာ ကွပ်ကဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ရဲတပ်ရင်းကွပ်ကဲမှုအဖွဲ့မှူးရုံးအား မောင်တောမြို့နယ်၊ ကျီးကန်းပြင်မှာ အခြေပြုပြီးတော့မှ ရဲတပ်ရင်း ၄ ရင်းနဲ့ အောက်ပါအတိုင်း ဖြန့်ခွဲလျက် လုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။

(က) နယ်မြေ ၁၊၂၊၃ မှာ အမှတ် ၁၊၂၊၃၊၄၊၅၊၆၊၇ နှင့် ၈ စခန်းတို့မှ ရဲတပ်ရင်းတစ်ရင်းနဲ့လည်းကောင်း၊ (ခ) နယ်မြေ ၄၊၅၊၆ မှာရှိတဲ့ အမှတ် ၉၊၁၀၊၁၁၊၁၂၊၁၃၊၁၄ နှင့် ၂၄ စခန်းတို့မှာ ရဲတပ်ရင်းတစ်ရင်းဖြင့်လည်းကောင်း၊ (ဂ) နယ်မြေ ၇၊၈၊၉ မှာရှိတဲ့ အမှတ် ၁၅၊၁၆၊၁၇၊၁၈၊၁၉၊၂၀၊၂၁၊၂၂၊၂၃၊၂၅ နှင့် ၂၆ စခန်းတို့မှာ ရဲတပ်ရင်း တစ်ရင်းဖြင့်လည်းကောင်း၊ (ဃ) နယ်မြေ ၁၀၊၁၁ မှာရှိတဲ့ အမှတ် ၂၇၊၂၈၊၂၉၊၃၀၊၃၁ နဲ့ ၃၂ စခန်းတို့ကို စစ်တွေနှင့်ပေါက်တောမြို့နယ်မှာရှိတဲ့ ရဲတပ်ရင်းများနဲ့လည်း

ကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ သတင်းနှင့်ဆက်သွယ်ရေးစနစ်များကို လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်ရန် ရဲတပ်ဝင်အားလုံးကို GSM ဖုန်းအလုံး ၁၀၀၀ ကို ရခိုင်ပြည်နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဖြန့်ဝေထားရှိပြီးဖြစ်ပါတယ်။ အဲ့ဒီအပြင် ရခိုင်ပြည်နယ်မှာ ယခင်က အမှတ် (၂) ရဲတပ်ရင်း(မောင်တော)၊ အမှတ်(၁၂) ရဲတပ်ရင်း(စစ်တွေ)ကိုသာ ဖွဲ့စည်းထားရှိပြီးခဲ့ပြီး ယခုအခါမှာတော့ အမှတ်(၃၁)ရဲတပ်ရင်း(မြောက်ဦး)၊ အမှတ်(၃၂)ရဲတပ်ရင်း(ကျောက်ဖြူ)၊ အမှတ်(၃၃)ရဲတပ်ရင်း(သံတွဲ)တို့ကိုပါ တိုးချဲ့ဖွင့်လှစ်ကာ လုံခြုံရေးတာဝန်များ ဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ တရားဥပဒေစိုးမိုးရေးအတွက် လက်ရှိရဲတပ်ရင်းအင်အားမှာ အရာရှိ ၃၆၀ ဦး၊ အခြားအဆင့် ၃၅၄၅ ဦး၊ စုစုပေါင်း ၃၉၀၅ ဦးနဲ့အပြင် နယ်မြေခံ ရဲတပ်ဖွဲ့အနေနဲ့ ၂၄၇၂ ဦး ဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်တစ်ခုလုံးမှာ ရဲတပ်ဖွဲ့ဝင်အင်အားပေါင်း ၆၃၇၇ ဦးဖြင့်ဆောင်ရွက်လျက်ရှိတဲ့အပြင် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှာ ရေကြောင်းတပ်ဖွဲ့ကို အသစ်တိုးချဲ့ဖွဲ့စည်းပြီး ပင်လယ်ပြင်လုံခြုံရေးတာဝန်များကိုပါ ဆောင်ရွက်စေလျက် ရဲရေကြောင်း တပ်ဖွဲ့ဝင်များဟာ ယခုအခါမှာ ၁၀ ဦးဆံ့ ရော်ဘာဘုတ် လေးစီးနဲ့ တပ်မတော်ရေမှလွှဲပြောင်းရရှိထားတဲ့ အလျားပေ ၆၀ ရှိတဲ့ ရေယာဉ်များနဲ့ လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဒီအတွက် မြန်မာနိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာမှာဆိုရင် ရဲနဲ့ပြည်သူအချိုးမှာ တစ်နိုင်ငံလုံးမှာ ၁ အချိုး ၉၀၀ ရှိသော်လည်း ရခိုင်ပြည်နယ်မှာတော့ ၁ အချိုး ၅၀၀ နဲ့လုံခြုံရေးဆောင်ရွက် လျက်ရှိကြောင်းတင်ပြလိုပါတယ်။ ရခိုင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးတာဝန်များကို ရဲတပ်ရင်းများမှ တာဝန်ယူဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်ရဲအချုပ်အခြာအာဏာနဲ့ ပိုင်နက်နယ်မြေကာကွယ်ရေးအတွက် ရေရှည်မျှော်မှန်းပြီး ရခိုင်ပြည်နယ်အတွင်းမှာ တိုင်းစစ်ဌာနချုပ်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်နဲ့ ခြေမြန်တပ်မ ဌာနချုပ်၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ လုံခြုံရေးစီမံချက်များ ချမှတ်ပြီးတော့မှ နယ်စပ်တစ်လျှောက် လုံခြုံရေးနယ်မြေစိုးမိုးရေးနဲ့ စစ်ဆင်ရေးတာဝန်များ ပူးတွဲဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်ဟာ ယခင်တုန်းက နယ်စပ်ဒေသလုံခြုံမှုဌာနချုပ်ကိုကွပ်ကဲတဲ့ အရာရှိတစ်ဦးဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ (န.စ.က) ဖျက်ပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့ ရောက်ပါတယ်။ ရောက်တဲ့အခါ လက်ရှိကျွန်တော်တို့ ပြည်သူ့ရဲအင်အားများနှင့်အတူ အဲ့ဒီမှာရှိတဲ့ ကျွန်တော်တို့ (ဆ.ပ.က) (၁၅) က တပ်ဖွဲ့ဝင်အင်အားများနဲ့ နယ်စပ်တစ်လျှောက်မှာ ယိုပေါက်၊ ထွက်ပေါက်မရှိအောင် ပတ်ကင်း၊ လှည့်ကင်းများနဲ့ ဆောင်ရွက်လျက်ရှိတာကိုလည်း ကျွန်တော်တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ ဒီရခိုင်

ပြည်နယ်ပေါ့လေ။ ကျွန်တော်တို့ တပ်မတော်အရဆိုရင်တော့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေမှာဆိုရင် တိုင်းစစ်ဌာနချုပ်တစ်ခုရှိပါတယ်။ ဒေသကွပ်ကဲမှုတစ်ခုရှိပါတယ်။ (ဆ.ပ.က) သုံးခုရှိပါတယ်။ ဒီသုံးခုနဲ့ ကျွန်တော်တို့က ရခိုင်နယ်မြေကို လုံခြုံရေးအကာအကွယ်ပေးလျက်ရှိပါတယ်။ လိုအပ်လာရင်လည်း ကျွန်တော်တို့ ပြည်မက တပ်မစခန်းများကိုခေါ်ယူပြီးတော့မှ လုံခြုံရေးအတွက်ကိုတော့ ကျွန်တော်တို့ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် စီမံချက်များ ရေးဆွဲထားရှိကြောင်းလည်း ဖြည့်စွက်တင်ပြလိုပါတယ်။

အလားတူ တပ်မတော်(ရေ)ကနေပြီးတော့လည်း နိုင်ငံတော်ပင်လယ်ပြင်နယ်နိမိတ်ဖြစ်တဲ့ အခြေခံစည်းမျဉ်းမှ သီးသန့်စီးပွားရေးဇုန်အထိ ပင်လယ်ပြင်အတွင်းမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန်၊ တရားဥပဒေစိုးမိုးမှုရှိစေရန်၊ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားများကိုကာကွယ်ရန်အတွက် စစ်ရေယာဉ်များနှင့် ပုံမှန်တိုက်ကင်းလှည့်ခြင်း၊ ရှောင်တခင်တိုက်ကင်းလှည့်ခြင်းများကိုလည်း ရေပြင်လုံခြုံရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီအပြင် ကျွန်တော်တို့ တစ်ဖက်နိုင်ငံကနေပြီး တရားမဝင် ဝင်ရောက်မှုများကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်နိုင်ရန် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကိုလည်း ဘင်္ဂလားပင်လယ်အော် နတ်မြစ်ဝမှ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်တစ်လျှောက် ၁၆၈.၅၆၈ မိုင်အထိ အပိုင်း ၄ ပိုင်းခွဲပြီးတော့မှ ဆောင်ရွက်လျက်ရှိတဲ့အခါမှာ ပထမအဆင့်အနေနဲ့ BP-2 ကနေ BP-32 အထိ ၃၈.၁၁ မိုင်၊ ဒုတိယအဆင့်အဖြစ် BP-32 မှ Bp -54 အထိ ၃၆.၆၆၁ မိုင်၊ တတိယအဆင့်အဖြစ် Bp-54 မှ BP-66 အထိ ၃၉.၈၈၁ မိုင်ကာရံပြီးဖြစ်ပါတယ်။ စတုတ္ထအဆင့်ဖြစ်တဲ့ BP-66 မှ BP-1 အထိ ၅၃.၉၁၁ မိုင်အပိုင်းမှာတော့ သဘာဝအတားအဆီးများရှိနေတဲ့အတွက် မဖြစ်မနေဆောင်ရွက်ရန် မလိုအပ်သေးသော်လည်း နိုင်ငံတော်လုံခြုံရေးအတွက် ရန်ပုံငွေခွင့်ပြုချိန်မှာ ဆက်လက်ကာရံသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး အုပ်ချုပ်ရေးအပိုင်းကို ဆက်လက်တင်ပြရမယ်ဆိုလို့ရှိရင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့ တည်ငြိမ်အေးချမ်းမှုရရှိရန်အတွက် ပုံမှန်အုပ်ချုပ်ရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုကွပ်ကဲနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကနေပြီးတော့မှ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအလိုက် ကျေးရွာအုပ်ချုပ်ရေးမှူးများကို ခန့်အပ်ထားတာဝန်ပေးဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းများနဲ့ဖွဲ့စည်းထားတဲ့ စီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်ဟာလည်း ရပ်မိရပ်ဖကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီတို့နဲ့ပေါင်းစပ်ညှိနှိုင်းပြီး အုပ်ချုပ်ရေးစနစ် ထိရောက်စေ

ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ပုံမှန်အုပ်ချုပ်ရေးစနစ်အရ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများအတိုင်း တိုင်းရင်းသားသီးသန့်ရပ်ကွက်/ကျေးရွာအုပ်စု ၂၂ စု၊ ဘင်္ဂါလီ၊ တိုင်းရင်းသားရောနှောရပ်ကွက်/ကျေးရွာအုပ်စု ၁၀၀ တို့မှာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရွေးချယ်ပြီးတော့မှ ပုံမှန်အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဘင်္ဂါလီသီးသန့်နေထိုင်တဲ့ ရပ်ကွက်/ကျေးရွာအုပ်စု ၇၂ အုပ်စုမှာတော့ အုပ်ချုပ်ရေးယန္တရား၊ အုပ်ချုပ်ရေးစနစ်သွက်လက်မြန်ဆန်အောင်အတွက် ယာယီတာဝန်ခံ(အုပ်ချုပ်ရေးမှူး)၊ ယာယီရာအိမ်မှူး၊ ယာယီဆယ်အိမ်မှူးများ ခန့်အပ်ကာဆောင်ရွက်လျက်ရှိပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေးအတွက်လည်း သင်တန်းများဖွင့်လှစ်ကာ ပို့ချပေးလျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့မှာ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးအဖွဲ့ (န.စ.က) ကိုဖျက်သိမ်းပြီးတဲ့နောက်ပိုင်း ရခိုင်ပြည်နယ်၊ အနောက်ဘက်ဒေသ နိုင်ငံခြားသားများ မတရားဝင်ရောက်မှု ကာကွယ်ရေး၊ တာဆီးရေးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနတို့နဲ့ပူးပေါင်းပြီး တင်ပြပါလုပ်ငန်းတာဝန် ၅ ရပ်ကို ဆောင်ရွက်လျက်ရှိပါတယ်။

နံပါတ်(၁) တရားမဝင် ခိုးဝင်/ခိုးထွက်ခြင်းမှ ကာကွယ်ရန်၊ နံပါတ်(၂)အကောက်အခွန်မဲ့ပစ္စည်းများ ခိုးသွင်း/ခိုးထုတ်ခြင်းမှ ကာကွယ်ရန်၊ (၃)အနေနဲ့ တရားဥပဒေစိုးမိုးရေးနဲ့ မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ (၄)အနေနဲ့ စစ်ဘက်ရေးရာလုံခြုံရေးသတင်းများစုဆောင်းတင်ပြရန်၊ (၅)အနေနဲ့ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ဆက်လက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအပိုင်းတင်ပြပါ့မယ်။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ နယ်မြေပေါင်း ၁၁ ခု၊ စခန်းပေါင်း ၃၀ မှာ ဝန်ထမ်းအင်အား ၃၇၈ ဦးနဲ့ဖွဲ့စည်းပြီး လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အရေးယူဆောင်ရွက်မှုအနေနဲ့ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ နယ်စပ် ဒေသလူဝင်မှုကြီးကြပ်ရေးအဖွဲ့ ဖျက်သိမ်းပြီးနောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တရားမဝင်ခိုးထွက်ခဲ့ပြီး တရားမဝင်ပြန်လည်ခိုးဝင်လာသူ ဘင်္ဂါလီလူမျိုး ၈ ဦးနဲ့ မောင်တောမြို့နယ်သို့ စက်လှေဖြင့် တရားမဝင်ခိုးဝင်လာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦးတို့ကို ပူးပေါင်းအဖွဲ့မှ ဖမ်းဆီးရမိခဲ့ပြီး ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး လတ်တလောပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃ (၁)၊ ၃(၂)၊ ၁၃(၁) တို့နဲ့ တရားစွဲဆို

ဆောင်ရွက်ထားရှိပါတယ်။ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးအဖွဲ့ မဖျက်သိမ်းမီ ၆ လတာ ကာလ အတွင်း ဖမ်းဆီးတရားစွဲဆိုခဲ့သော ဘင်္ဂါလီလူမျိုး ၂၃ ဦးနဲ့ ဖမ်းဆီးတရားစွဲဆိုပြီး ပြည်နှင်ဒဏ်ပေးခဲ့ သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၆ ဦးလည်းပါရှိပါတယ်။

နယ်စပ်ဒေသလူဝင်မှုကြီးကြပ်ရေးအဖွဲ့ ဖျက်သိမ်းပြီး ၂ လတာကာလအတွင်း ဖမ်းဆီးတရားစွဲ ဆိုခဲ့သော ဘင်္ဂါလီလူမျိုး ၈ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁ ဦးရှိကြောင်းတွေ့ရှိရပါတယ်။ လဝက ဝန်ကြီးဌာနအနေနဲ့ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအပေါ်မူတည်ပြီး ဝန်ကြီးဌာနရဲ့ လုပ်ငန်း တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ နယ်မြေဒေသတည်ငြိမ်ရေးကို ဦးစားပေး အလေးထားဆောင်ရွက်ပြီးသွားမှ ထိန်းထိန်းသိမ်းသိမ်းနဲ့ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါ တယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ဆက်လက်ပြီးတင်ပြပါ့မယ်။ နယ်စပ်ရေးရာဝန်ကြီး ဌာနအနေနဲ့လည်း ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့နယ်နဲ့ ဘူးသီးတောင်မြို့နယ်တို့မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းဝင်ဒေသများ ဖြစ်သည်နှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းများ ချမှတ်ပြီး နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့နေရာမှာ မောင်တောမြို့နယ်နဲ့ ဘူးသီးတောင်မြို့နယ်များအတွင်းမှာ ၁၉၉၀-၁၉၉၁ ခု ဘဏ္ဍာရေးနှစ်ကနေပြီး တော့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ လမ်း/တံတားလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ စွမ်းအင်စတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်အလိုက် အကောက်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်မှာလည်း အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ပေးရန်ခွင့်ပြုရန်ပုံငွေများ ထုတ်ပေးထားရှိပြီး ဖြစ်ပါတယ်။

မောင်တောမြို့နယ်မှာဆိုရင် သံကူကွန်ကရစ်တံတား ၈ စင်း ၂၈၃ ပေ၊ ကွန်ကရစ်ရေပြွန် ၆ စင်း၊ အ.မ.က တစ်ကျောင်း၊ ကျန်းမာရေး ဆေးပေးခန်း နှစ်ခန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်း လေးရွာ၊ ဆိုလာစနစ်နဲ့ မီးလင်းရေး နှစ်ရွာ၊ စံပြရွာဆောက်လုပ်ရေး နှစ်ရွာ၊ စုစုပေါင်း ခွင့်ပြုငွေကျပ် ၄၈၆.၅၂ ကျပ်သန်းနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုပဲ ဘူးသီးတောင်မြို့နယ်မှာလည်း မြေလမ်း ၅၀ မိုင်၊ ကျောက်လမ်း ၂၀ မိုင်၊ ကတ္တရာလမ်း ၁၀ မိုင်၊ သံကူကွန်ကရစ်တံတား ၇ စင်း(၁၉၅)ပေ၊ အ.မ.က ၅ ကျောင်း၊ ကျန်းမာရေးဌာနခွဲ လေးခု၊ ဓမ္မာရုံ တစ်ခု၊ ဆိုလာစနစ်နဲ့ မီးလင်းရေး နှစ်ရွာ၊ စံပြအိမ်ရာ ဆောက်လုပ်ရေး နှစ်ရွာ၊ စုစုပေါင်း ခွင့်ပြုငွေကျပ် ၁၄၆၂.၈ သန်း 1 Billion နဲ့ဆောင်ရွက် လျက်ရှိပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို စီမံကိန်းချမှတ် ဆောင်ရွက်ပေးနေသလိုပဲ

ယခင်က ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်တွေမှာ တည်ထောင်ပေးခဲ့တဲ့ န.တ.လ စံပြကျေးရွာ ၁၈ ရွာနဲ့ ဒေသခံစုစည်း စံပြကျေးရွာ ၂၀ ရွာတို့ကိုလည်း ရေရှည်ရပ်တည်နိုင်ရေးနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေပြီးတော့မှ ကြောက်ရွံ့စိတ်နဲ့ခိုးဝင်လာကြတဲ့ တိုင်းရင်းသားတွေကို နေရာချထားပေးခြင်း၊ စားနပ်ရိက္ခာ တစ်နှစ်စာ ထောက်ပံ့ပေးခြင်းတို့ကို ဒေသဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်းများနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ပေးရာမှာ မောင်တောမြို့နယ်မှာဆိုရင် ဒေသခံစံပြကျေးရွာ ၁၅ ရွာ၊ အိမ်ထောင် စု ၁၀၀၈ စု၊ လူဦးရေ ၄၈၉၃ ဦး၊ န.တ.လ စံပြကျေးရွာ ၁၂ ရွာ၊ အိမ်ထောင်စု ၉၆၅ စု၊ လူဦးရေ ၄၂၃၉ ဦး ဒါတွေကို ကျွန်တော်တို့ ထောက်ပံ့ပေးပါတယ်။ ဘူးသီးတောင်မြို့နယ်မှာဆိုရင် ဒေသခံစံပြကျေးရွာ ငါးရွာ၊ အိမ်ထောင်စု ၄၂၇ စု၊ လူဦးရေ ၂၁၈၀ ဦး၊ န.တ.လ စံပြကျေးရွာ လေးရွာ၊ အိမ်ထောင်စု ၂၈၃ စု၊ လူဦးရေ ၁၂၃၀ တို့ကိုလည်းကောင်း၊ ရသေ့တောင်မြို့နယ်မှာ န.တ.လ စံပြကျေးရွာ နှစ်ရွာ၊ အိမ်ထောင်စု ၈၂ စု၊ လူဦးရေ ၃၆၄ တို့ကိုလည်းကောင်း တည်ထောင်ပေးထားပြီးတော့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဝင်ရောက်လာတဲ့ ရခိုင်တိုင်းရင်းသား အိမ်ထောင်စု ၂၉၆ စု၊ လူဦးရေ ၁၂၃၇ ဦးတို့ကိုလည်း တိုင်းရင်းသားကျေးရွာ ၁၂ ရွာမှာ ဖြန့်ခွဲနေရာချထားပေးပြီး လိုအပ်သော အိမ်ရာများအား အသစ် ထပ်မံတည်ဆောက်ပေးခဲ့ရာ တောင်ပြိုလက်ဝဲမှာ ၃၅ လုံး၊ လောင်းဒုံကျေးရွာမှာ ၄၀ လုံး၊ ငခူရမှာ ၂၅ လုံး၊ စုစုပေါင်း အိမ်လုံးရေ ၁၀၀ အားရေရရှိရေးလုပ်ငန်းများနှင့်အတူ ဆောင်ရွက်ပေးခဲ့ပါတယ်။

၂၀၁၂ ခုနှစ် ဇွန်လအတွင်း မောင်တောမြို့နယ်မှာ မီးလောင်ပျက်စီးသွားတဲ့ တိုင်းရင်းသား ကျေးရွာ ၁၀ ရွာမှာရှိတဲ့ အိမ်ခြေတွေကိုလည်း အသစ်ပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်ပေးရာမှာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ၂၇၀ လုံး UNHCR ကနေပြီးတော့ ၂၂၂ လုံး၊ CARE MYANMAR ကနေမှ ၆၀ လုံး၊ စုစုပေါင်း ၅၅၂ လုံးကိုလည်း သောက်သုံးရေရရှိရေးနဲ့ မီးလင်းရေးအပါအဝင် ဆောင်ရွက်ပေးခဲ့ပါတယ်။ မောင်တောမြို့နယ်အတွင်းမှာ နယ်မြေလုံခြုံရေးအတွက် ဘင်္ဂါလီကျေးရွာများကို မဖျက်ဘဲနဲ့ တိုင်းရင်းသားကျေးရွာများကို တိုက်ရိုက်ဆက်သွယ်ပေးတဲ့ ဝေသာလီ-ဥဒေါင်းလန်း ၁၃ မိုင်၊ ကွန်ကရစ်လမ်းခင်းခြင်းအဖြစ် ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ် သန်းပေါင်း ၆၄၇၀.၄၃၁ 6 Billion နဲ့ဆောင်ရွက်ခဲ့ပါတယ်။ အလားတူ စစ်တွေမြို့အတွင်း လမ်းကွန်ကရစ်ခင်းခြင်း နှစ်မိုင်ကိုလည်း ရန်ပုံငွေကျပ်သန်း

၉၆၂.၅ ကျပ်သန်းနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ အလားတူ ကျွန်တော်တို့ စစ်တွေက ကျွန်တော်တို့ ကမ်းနားပတ်လမ်းကိုလည်း ကျွန်တော်တို့ဝန်ကြီးဌာနကပဲ အရှည်နှစ်မိုင်ခန့်ကို ကွန်ကရစ်လမ်း ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီအပြင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက် မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှာ အမိန့် ကြော်ငြာ စာအမှတ် (၃၁/၂၀၁၃)နဲ့ဖွဲ့စည်းပြီး ဗဟိုကော်မတီရဲ့လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီများကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှာ အမိန့်ကြော်ငြာစာ အမှတ် (၃၉/၂၀၁၃) ဖြင့်ဖွဲ့စည်းခဲ့ပါတယ်။ ဒီလုပ်ငန်း ကော်မတီကတော့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်း ရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်း ကော်မတီ၊ ဒေသအတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်း ကော်မတီတို့ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေး ဗဟိုကော်မတီဖွဲ့စည်းပြီးတဲ့နောက်မှာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ(၁)ဦးစီးပြီးတော့မှ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ခြောက်ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီးတော့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်း ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဗဟို ကော်မတီကိုယ်စား ဒုတိယဝန်ကြီးများဦးဆောင်တဲ့ စီမံခန့်ခွဲရေးအဖွဲ့ သုံးဖွဲ့ဟာလည်း ရခိုပြည်နယ်ကို သွားရောက်အခြေပြုပြီးတော့မှ လုပ်ငန်းတာဝန်များကို အလှည့်ကျအနီးကပ်ကြီးကြပ်ဆောင်ရွက် လျက်ရှိတဲ့အခါမှာ ယခုဆိုရင် ပဥ္စမအကြိမ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ဆဋ္ဌမကြိမ်သွားရောက် တာဝန်ထမ်းဆောင်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၊ နိုင်ငံ တကာအစိုးရမဟုတ်သော အဖွဲ့အစည်းများပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်း နှစ်ဖက် လူ့အဖွဲ့ အစည်းမှ ဒုက္ခသည်များအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုလည်း အကောင် အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိတဲ့နေရာမှာ ကယ်ဆယ်ရေးစခန်းတွေမှာ ယာယီစာသင်ကျောင်း ၃၄ ကျောင်းဆောက်လုပ်ခြင်း၊ ယာယီဆေးပေးခန်း ၂၈ ခန်းဆောက်လုပ်ခြင်း လုပ်ငန်းများဆောင် ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးသီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လယ်ထွန်စက်ကြီး ၂၀ စီး၊

လက်တွန်းထွန်စက် ၂၅၄ စီးကို မြို့နယ်အသီးသီးသို့ ခွဲဝေပေးပို့ ထွန်ယက်ပေးနိုင်ခဲ့ပါတယ်။ အဲ့ဒီအပြင် လယ်ယာလုပ်ငန်းအတွက် လိုအပ်တဲ့ မျိုးစပါး ၁၉၈၆၀ တင်း၊ ဓာတ်မြေသြဇာ ၈၆၁၄ အိတ်နှင့် စက်သုံးဆီ ၁၇၅၀၀ ဂါလန်ကိုလည်း ထောက်ပံ့ကူညီဖြန့်ဖြူးပေးခဲ့ပြီး ဖြစ်ပါတယ်။ အလားတူ ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကြောင်းပြုနေရသူများအတွက် ရေလုပ်ငန်းသုံး ပစ္စည်းများဖြစ်တဲ့ လှေမျိုးစုံ ၉၂၉ စီး၊ ပိုက်နှင့် ကွန်မျိုးစုံ ၉၂၉ စုံကိုလည်း ဖြန့်ဝေထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွေမှာဆိုရင် ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအတွက် နိုင်ငံတော်သီးသန့် ရန်ပုံငွေမှ ငွေကျပ် ၁၂၉၆၅.၉၀၉ သန်း 12 Billion ကျော် နယ်စပ်ရေးရာဝန်ကြီးဌာနရန်ပုံငွေမှ ငွေကျပ် ၁၃၉၁၀.၉၉၈ သန်း 13 Billion ကျော် စုစုပေါင်း ရန်ပုံငွေကျပ် ၂၆၈၇၆.၉၀၇ သန်း 26 Billion ကျော်နဲ့အတူ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ၂၀၁၂ ခုနှစ် ဇူလိုင်လမှ ၂၀၁၃ ခုနှစ် စက်တင်ဘာလအထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၉.၄၉ သန်း သုံးစွဲဆောင်ရွက်ပေး ခဲ့ကြောင်း သိရှိရပါတယ်။

ရခိုင်ပြည်နယ်မှာ ၂၀၁၂ ခုနှစ် ဇွန်လ ပဋိပက္ခစတင်ဖြစ်ပွားချိန်မှစ၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း ၆ ဖွဲ့ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း ၁၂ ဖွဲ့၊ ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်း ၁ ဖွဲ့၊ စုစုပေါင်း အဖွဲ့အစည်း ၁၉ ဖွဲ့တို့ကနေပြီးတော့ စားနပ်ရိက္ခာ၊ စားနပ်ရိက္ခာမဟုတ်သော ထောက်ပံ့မှု၊ အမိုးအကာ၊ အာဟာရဖြည့်တင်းရေး၊ ရေနှင့် သန့်ရှင်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်း၊ ကာကွယ်စောင့်ရှောက်မှုများနဲ့ ပေါင်းစပ်ညှိနှိုင်းခြင်းလုပ်ငန်းကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပြမြေပုံကိုရေးဆွဲပြီးတော့မှ အောက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားရန် စီမံထားရှိပါတယ်။

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးမှုနှင့် အုပ်ချုပ်မှုယန္တရားပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရန်၊ ပဋိပက္ခကြောင့် စားဝတ်နေရေး အဆင်မပြေတဲ့ ဒုက္ခသည်များအတွက် နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊ နယ်စပ်ဒေသမူလနေထိုင်သူများနဲ့ တရားမဝင်ဝင်ရောက်နေထိုင်မှု ခွဲခြားစိစစ်ရေးလုပ်ငန်းများ၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်၊ ပဋိပက္ခကြောင့် ထိခိုက်ခဲ့ရတဲ့

နှစ်ဖက်လူ့အဖွဲ့အစည်းမှ ပြည်သူများရဲ့ လူမှုစီးပွားဘဝပုံမှန် ပြန်လည်ဖြစ်ပေါ်ရေးဆောင်ရွက်ပေးရန်၊ ရခိုင်ပြည်နယ်ရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ရေတို/ရေရှည်အစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ အနာဂတ်မှာ နိုင်ငံရေးပဋိပက္ခ၊ လူမျိုးရေးပဋိပက္ခ၊ ပဋိပက္ခများ ဒေသအသီးသီး မှာ ထပ်မံမဖြစ်ပေါ်စေရေးအတွက် မတူကွဲပြားခြားနားသော လူ့အဖွဲ့အစည်းများရဲ့ စာပေ၊ ယဉ်ကျေး မှု၊ ဓလေ့ထုံးစံများကို ပိုမိုသိရှိနားလည်လာပြီး ယဉ်ကျေးသော လူ့အဖွဲ့အစည်းကို ဖြစ်ပေါ်စေရန်တို့ ဖြစ်ပါတယ်။

ဒီအတွက် ပြည်ထောင်စုအစိုးရအနေနဲ့ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရင်ဆိုင်ကြုံတွေ့ရတဲ့ အခက်အခဲများကို ကျော်လွှားပြီး မဟာဗျူဟာ၊ နည်းဗျူဟာ၊ ရေတို/ရေရှည် ဆောင်ရွက်ရမယ့်အစီအစဉ်များနဲ့ လုပ်ငန်းစဉ်များကို အရှိန်အဟုန်နဲ့ ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့အပြင် ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်များကိုလည်း ကျွန်တော့်အနေနဲ့ အလေးထားသုံးသပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီရခိုင်ဒေသ ပြန်လည်တည်ငြိမ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီမှာလည်း ကျွန်တော် အတွင်းရေးမှူးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခု ကိုယ်စားလှယ်ကြီး တင်ပြဆွေးနွေးခဲ့တဲ့အချက် များကို ကျွန်တော် ရခိုင်ပြည်နယ်ကို ပြန်လည်ကွင်းဆင်းသွားရောက်ပြီးတော့မှ ပြန်လည်စီမံဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ယခုကာလအထိလည်း မောင်တောခရိုင်ဟာ ထူးခြားမှုမရှိဘဲ တည်ငြိမ်အေးချမ်း နေတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုကို မှတ်တမ်းတင်ထားနိုင်ရေး စဉ်းစားသုံးသပ်ပေး နိုင်ပါရန် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည့်ပြည့်စုံစုံ ရှင်းလင်းပေးသွားတဲ့အတွက် အဆိုတင်သွင်းတဲ့ ဒေါ်ခင်စောဝေ ရဲ့သဘောထားပြောပါ။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ ဒီအဆိုကို တင်သွင်းပေးတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လာရောက်ပြည့်ပြည့်စုံစုံရှင်းလင်းပေးတဲ့ နယ်စပ်ဒေသဝန်ကြီးကိုလည်း ကျွန်မအနေနဲ့ အထူးပဲ ကျေးဇူးတင်ရှိပါတယ်ရှင်။ ခုနက ဝန်ကြီးပြောတဲ့အထဲမှာ ပါသွားပါတယ်။ မြန်မာ- ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာဖို့ ရန်ပုံငွေဘတ်ဂျက်လိုအပ်နေတယ်ဆိုတာပါသွားပါတယ်။ အဲဒီ ဟာအတွက် ကျွန်မတိုက်တွန်းချင်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ရော၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ရော ဒီဘတ်ဂျက်တွေကို ကျွန်မတို့ကို ဖြည့်ဆည်းပေးမယ်ဆိုရင် ဒီပြဿနာ တွေလည်း တော်တော်အေးချမ်းသွားလိမ့်မယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ပါတယ်။ အဲဒါလေးကို

ကျွန်မဖြည့်စွက်ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ မှတ်တမ်းတင်လည်း ကျွန်မကျေနပ်ပါတယ်။ အခုလိုဖြေကြားပေးတာကိုလည်း မှတ်တမ်းတင်သင့်ကြောင်း ပြောပြလိုပါတယ်။ (ဩဘာသံများ)

**ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ ဒီမှာ နည်းနည်းတင်ပြလိုပါတယ်။ ပထမဦးဆုံး ကျွန်တော်တင်ပြလိုတာကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ၏အဆိုကို ကျွန်တော့်အနေနဲ့ ကန့်ကွက်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ၏ အဆိုကို ကန့်ကွက်ရခြင်းနှင့်ပတ်သက်၍ အနည်းငယ်ရှင်းပြခွင့်ပြုပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။ ဒေါ်ခင်စောဝေ၏ အဆိုပါ တင်ပြချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများနှင့်သော်လည်းကောင်း ဆန့်ကျင်နေသည်ကိုတွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄ မှာ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကိုအလွဲသုံးစားမပြုရ။ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးပေါ်ပေါက်လာစေရန်ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန်အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်ဟုဆိုပြီးတော့ ဖော်ပြထားပါတယ်။ ပုဒ်မ ၃၆၅ မှာလည်းပဲ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာပြုစုပျိုးထောင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကြဉ်ရမည်။ ထို့အပြင် မိမိတို့၏ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသားလူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေနိုင်လျှင် သက်ဆိုင်သူများအချင်းချင်းညှိနှိုင်း၍ ပြေလည်မှုရပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်ဆိုပြီးတော့ အတိအကျပြဋ္ဌာန်းထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေမှာလည်း ဒီအဆိုတင်သွင်းခြင်းနှင့်ပတ်သက်ပြီးတော့ စည်းကမ်းများကို ပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် မသက်ဆိုင်သော အဆိုမဖြစ်စေရဆိုပြီးတော့ပါပါတယ်။ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဆိုတာကတော့ အမျိုးသားအကျိုးစီးပွားလို့ပဲ ကျွန်တော်နားလည်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာရော၊ လွှတ်တော်ဥပဒေတွေမှာရော ရခိုင်ပြည်နယ်၏ အမျိုးသားအကျိုးစီးပွားဆိုပြီးတော့ တစ်လုံးတစ်ပါဒမျှမပါပါဘူး။ ပြည်နယ်တစ်ခု

အတွင်းမှာ လူမျိုးစုတစ်ခုကို နှိမ်ပြီးခွဲခြားဆက်ဆံ၍ ထိုသို့ဖိနှိပ်အုပ်ချုပ်စေလိုတဲ့ သဘောဆောင်တဲ့ အဆိုတစ်ခုဟာ အမျိုးသားအကျိုးစီးပွားကို ရှေးရှုတဲ့အဆိုမဖြစ်နိုင်ပါဘူး။ ဒါ့အပြင် မဆီလျော်သော အကြောင်းပြချက်များ၊ ခိုင်လုံသော အထောက်အထားမပါရှိတဲ့ယူဆချက်များ ဥပမာအားဖြင့်တင်ပြရရင် အနောက်တံခါးကျိုးနေပါတယ်ဆိုတဲ့ဟာကို ခဏခဏတင်ပြခြင်း၊ မီဒီယာတွင်ပြောခြင်း၊ အဆိုရှင်၏ပါတီမှထုတ်ဝေသော ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၏ တိုးတက်ရေးသတင်းလွှာတွင် မကြာခဏဖော်ပြခြင်းများ၊ ယူဆခြင်းများ မသင့်လျော်သောအသုံးအနှုန်းများ၊ ဂုဏ်သရေကိုထိခိုက်စေသည့်ဖော်ပြချက်များ မပါရှိစေရဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဒီလိုပဲ လူတစ်စု၊ လူမျိုးတစ်စု၏ အကျိုးစီးပွားကိုသာ ရှေးရှုပြီးတော့ တင်ပြချက်တွေဟာ ရခိုင်ပြည်နယ်ရဲ့ အကျိုးစီးပွားသော်လည်းကောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားသော်လည်းကောင်း မဖြစ်နိုင်ပါဘူး။ ဒါမျိုးတင်ပြချက်တွေဟာလည်း နိုင်ငံတော်အတွက်လည်း အကျိုးမရှိနိုင်ပါဘူးလို့ ကျွန်တော်ရိုးသားစွာ ယုံကြည်ပါတယ်။ ယနေ့အချိန်မှာ နိုင်ငံတော်မှ ငြိမ်းချမ်းစွာပူးတွဲအတူနေထိုင်ရေး (Peaceful Co-existence)၊ ပြန်လည်သင့်မြတ်ရေး (Reconciliation) ဘာသာပေါင်းစုံ ချစ်ကြည်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ပြီးတော့ ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အကောင်အထည်ဖော်နေတာကို တွေ့နေရပါတယ်။ ပြီးတော့ ဒေါ်ခင်စောဝေအနေနဲ့ ဒီဘူးသီးတောင်၊ မောင်တောဒေသရှိ လူမျိုးစုတစ်ခုကိုပဲ ရည်ရွယ်ပြီးတော့ ဒီလိုအချိန်မှာ ဒေါ်ခင်စောဝေရဲ့ အဆိုပါဖော်ပြချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၄ နှင့်သော်လည်းကောင်း၊ ၃၆၅ နှင့်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်သော်လည်းကောင်း၊ လက်ရှိနိုင်ငံတော်မှ အကောင်အထည်ဖော်ကြိုးစားနေသော မူဝါဒနှင့်သော်လည်းကောင်း ဆန့်ကျင်လျက်တွေ့ရှိရပါတယ်။ အမှန်တကယ်ဆိုလို့ရှိရင် ပုဒ်မ ၃၆၅ ပါ ပြဋ္ဌာန်းချက်အတိုင်း ဘူးသီးတောင်၊ မောင်တောဒေသရဲ့ လူမျိုးတစ်မျိုးကိစ္စ၊ ဖွံ့ဖြိုးရေးကိစ္စကို ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်ကိုယ်တိုင်သည် ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ လွှတ်တော်စည်းမျဉ်းစည်းကမ်းအရသော်လည်းကောင်း ကျွန်တော်တို့က ညှိနှိုင်းတိုင်ပင်ပြီးမှသာ ဒါမျိုးအဆိုကို တင်သွင်းသင့်ပါတယ်။ သို့သော်လည်း ကျွန်တော့်အနေနဲ့ ဒေါ်ခင်စောဝေအနေနဲ့ ကျွန်တော်နဲ့ ဤကိစ္စ၊ ဤအဆိုနှင့်ပတ်သက်ပြီးတော့မှ တစ်ကြိမ်တစ်ခါမှ ဆွေးနွေးခြင်းမရှိပါဘူး။ ဒါ့အပြင် ဒီအဆိုရှင်ရဲ့ ပါတီအနေနဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်

ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရေးနှင့် လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့်ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုများကို ပြုလုပ်ခဲ့တဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၂၆-၄-၂၀၁၁ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉-၁၁-၂၀၁၂ ခုနှစ်တွင်တစ်ကြိမ် အသိပေးအကြောင်းကြားခဲ့ပြီး နောက်ပိုင်း စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်ပြုထားသော်လည်း ထပ်မံတည်ဆဲဥပဒေကို ချိုးဖောက်ရာရောက်သည့် ရေးသားဖော်ပြချက်များပါလာတဲ့အတွက် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့စွဲဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နောက်ဆုံးအကြိမ် အသိပေးအကြောင်းကြားထားကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ပထမနှစ်ကြိမ်မှာ ကျွန်တော် အဓိကတင်ပြလိုချင်တာက ဒေါ်ခင်စောဝေ တင်ပြချက်တချို့ကောင်းတာလည်းရှိပါတယ်။ သို့သော်လည်း အနောက်တံခါးကျိုးပဲ့နေမှု ဒါမျိုး မတရားခိုးဝင်လာမှုပြောနေတဲ့ဟာသည် အမှန်တကယ် လက်တွေ့နယ်ပယ်မှာ ဖြစ်ပျက်နေတဲ့ဟာနဲ့ ကျွန်တော်တို့ ဆန့်ကျင်ကွဲလွဲနေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ၏အဆိုကို ဤလွှတ်တော်တွင် မဆွေးနွေးသင့်ပါကြောင်းနှင့် မှတ်တမ်းမတင်သင့်ပါကြောင်း ရိုသေလေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လွှတ်တော်ရဲ့ နည်းဥပဒေနဲ့ ဆိုင်တဲ့အချက်ပါ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များကို အခုကျွန်တော်တို့ နည်းဥပဒေ ၁၅၇ မှာ ပြဋ္ဌာန်းထားပါတယ်။ အဆိုနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကိုလည်း ၁၅၈ မှာပြဋ္ဌာန်းထားပါတယ်။ အခုဟာက အဆိုကို ဒေါ်ခင်စောဝေက တင်သွင်းတယ်။ ဦးအေးမောက်က ထောက်ခံတယ်။ ဒုတိယဝန်ကြီးကလည်း ပြန်လည်ရှင်းလင်းတယ်။ မှတ်တမ်းတင်ဖို့ပြောတယ်။ အဲဒီအချိန်မှာမှ ကန့်ကွက်တယ်။ မှတ်တမ်းမတင်ပါနဲ့လို့ပြောတာ ကျွန်တော်တို့ နည်းဥပဒေမှာခွင့်မပြုထားပါဘူး။ အဆိုများကို တင်သွင်းခွင့်မပြုခြင်းနှင့်ပတ်သက်ရင် ၁၅၉ မှာ ဥက္ကဋ္ဌသည် အဆိုတစ်ရပ်ကို လက်ခံခွင့်ပြုရန် သင့်/မသင့်စဉ်းစားရာ၌ ဤနည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိလျှင် အဆိုတစ်ခုလုံးကိုသော်လည်းကောင်း၊ အဆို၏အစိတ်အပိုင်းကိုသော်လည်းကောင်း ခွင့်မပြုပါ။ ထို့အပြင် အဆိုမေးမြန်းပိုင်ခွင့်ကို အလွဲသုံးစားပြုသူဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ

ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ လွှတ်တော်၏အစဉ်အလာများ၊ ထုံးတမ်းများကိုဖြစ်စေ၊ ဖောက်ဖျက်သည်ဟု ယူဆလျှင်သော်လည်းကောင်း၊ လွှတ်တော်၏လုပ်ငန်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ထိပါးစေဟု ယူဆလျှင်လည်းကောင်း အဆို သို့မဟုတ် အဆို၏အစိတ်အပိုင်းကို ခွင့်မပြုပါ။ ဒါ ဥက္ကဋ္ဌရဲ့ လုပ်ပိုင်ခွင့်ဖြစ်ပါတယ်။ အဲဒါကြောင့် နည်းဥပဒေမှာလည်းမပါ။ ၁၅၉ နည်းဥပဒေ နှင့်ဆန့်ကျင်ပြီးတော့ ကန့်ကွက်ခြင်း၊ မှတ်တမ်းတင်ရန်မပြုဖို့ တင်ပြခြင်းတို့ဟာ လွှတ်တော်ရဲ့ နည်းဥပဒေကို ဆန့်ကျင်ရုံသာမက ဥက္ကဋ္ဌရဲ့ လွှတ်တော်ကို ထိန်းကျောင်းမှုကိုပါ ထိခိုက်တဲ့အတွက် အခု လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ဟာကို ဥက္ကဋ္ဌကြီးမှပယ်ချပေးပါလို့ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာအတွက် ကျွန်တော်လေးလေးနက်နက်တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကောင်းပါတယ်။ သယ်ံ့နှင်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်က လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်သုံးသပ်ပြောဆိုမယ့်စကားတွေကို ကိုယ်စားပြောသွားတယ်လို့ပဲ မှတ်ယူပါတယ်။ ဦးသိန်းညွှန့် ဒီလိုမတင်ပြရင်လည်း လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းညွှန့်ပြောတဲ့ အဓိပ္ပာယ်မျိုးပဲပြောသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ကန့်ကွက်ပြောဆိုမှုသည် ဦးသိန်းညွှန့် ဆွေးနွေးသွားတဲ့ အကြောင်းအရာ၊ အချက်အလက်၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် မညီညွတ်တဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌက ဒီလိုကြားဖြတ်တင်ပြမှုကို အတည်မပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အကယ်လို့ ကန့်ကွက်ချင်တယ်ဆိုရင်လည်း အဆိုကိုကန့်ကွက်လို့မရပါဘူး။ အဆိုခွင့်ပြုကိစ္စသည် လွှတ်တော်ဥက္ကဋ္ဌရဲ့တာဝန်ဖြစ်ပါတယ်။ သို့ရာတွင် တင်ပြသူ အဆိုရှင်ရဲ့တင်ပြချက်တွေဟာ ဥပဒေ၊ နည်းဥပဒေများနှင့်ဆန့်ကျင်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ပြီး ပြောဆိုတယ်ဆိုလို့ရှိရင်တော့ အဲဒီပြောဆိုခွင့်ကို ပြောဆိုတဲ့အချိန်မှာ ထပ်လောင်း မတ်တတ်ရပ်၍ ကန့်ကွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့လွှတ်တော်ကပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေများကို သိရှိလိုက်နာရမှာဖြစ်လို့ အခြား တည်ဆဲဥပဒေများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ဖို့လိုပါတယ်။ လွှတ်တော်ဟာ ဥပဒေများကို ပြဋ္ဌာန်းတဲ့ အဖွဲ့အစည်းဖြစ်သလို လွှတ်တော်ကိုယ်စားလှယ်များဟာလည်း ဥပဒေကို လိုက်နာလေးစားတဲ့နေရာမှာ အခြားအခြားသော သာမန်အရပ်သားများထက် ပိုပြီးတော့ လေးစားလိုက်နာဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ အခုလို လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေအပြင် အခြားဥပဒေများကိုပါ လေးစားလိုက်နာဖို့ အဆိုတင်သွင်းပြီး၊ အဆိုလည်း

ထောက်ခံပြီး၊ အဆိုလည်းပြန်လည်ရှင်းလင်းပြီးဖြစ်တဲ့အချိန်မှာ အခုလိုကန့်ကွက်လာတဲ့ ဘူးသီးတောင် မဲဆန္ဒနယ်က ဦးရွှေမောင်အား လွှတ်တော်က မှတ်တမ်းတင်သတိပေးပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအတိုင်းပဲ ပြီးတဲ့ကာလမှာ လွှတ်တော်မှာသတ်မှတ်ထားတဲ့ အမိန့်တွေ၊ ညွှန်ကြားချက်တွေ၊ စည်းမျဉ်းစည်းကမ်းတွေရှိပါတယ်။ လွှတ်တော်ထဲကို ဝင်လာတဲ့အခါမှာ မည်သည့် ပစ္စည်းမသယ်ဆောင်ရ။ ပြီးလို့ရှိရင် ဒီပစ္စည်းက အသံမြည်မှုများဖြစ်ပေါ်နေတာကိုလည်း အခု ရက်ပိုင်းအတွင်းမှာ လွှတ်တော်ဥက္ကဋ္ဌ အဝေးကကြားနေရပါတယ်။ ဒါတွေကလည်း လွှတ်တော် ရဲ့ဂုဏ်သိက္ခာနှင့် လွှတ်တော်ရဲ့စည်းကမ်းကို ဖောက်ဖျက်နေတာဖြစ်တဲ့အတွက် ဒီလိုအပြုအမူမျိုးများ ကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုက်နာဖို့လိုပါတယ်။ ဆက်လက်ပြီး အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စောဝေ တင်သွင်းသွားတဲ့ အဖြေကို သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဆွေးနွေးတင်ပြသွားပါတယ်။ ဒီလိုဆွေးနွေးမှုအပေါ်လည်း အဆိုရှင်ဒေါ်ခင်စောဝေက မှတ်တမ်းတင်ထားရှိဖို့ လက်ခံအဆိုပြန်လည် ပြုသွားပါတယ်။ ဒါ့ကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်းရယူမှာ ဖြစ်ပါတယ်။ ဒေါ်ခင်စောဝေ တင်သွင်းသွားတဲ့အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘော တူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဒေါ်ခင်စောဝေ တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ရန်အတွက်၊ သဘောမတူ သူမရှိတဲ့အတွက် အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၂း၁၅။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ စားသုံးရန်နှင့် လွှတ်တော် ကိစ္စဆောင်ရွက်ရန်အတွက် အစည်းအဝေးကို နေ့လယ် ၂ နာရီအချိန်မှာ ပြန်လည်ကျင်းပမှာ ဖြစ် ကြောင်း ကြေညာပါတယ်။

**အချိန်၊၂း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော သတင်းမီဒီယာ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော သတင်းမီဒီယာဥပဒေကြမ်းကို ၁၅-၁၀-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဆွေးနွေးလိုသူများကိုလည်း ၂၀-၁၀-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးရန် တောင်းခံခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က လိုအပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ အဆုံးအဖြတ်ရယူအတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ခြင်းမပြု သည့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။

ယခု စတင်ဆောင်ရွက်ပါမယ်။ ရှင်းလင်းလွယ်ကူစေဖို့ ကိုယ်စားလှယ်များထံဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားကိုအသုံးပြုမှာ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁ ဖြစ်ပါတယ်။ အမှတ်စဉ် ၁ ကို အမျိုးသားလွှတ်တော်က ပြင်ဆင်ထားပါတယ်။ ပြည်သူ့လွှတ်တော်ကလည်း အမျိုး သားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း ဖြစ်ကြောင်းတင်ပြထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုပြင်ဆင်ချက်အား လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်တွေ လက်ထဲမှာကန့်လန့်ဖြတ်ဇယား ရှိကြလား။ မရှိရင် သိမှာ မဟုတ်ဘူး။ အစီအစဉ် ၂ ဖြစ်ပါတယ်။ အခန်း (၁) အပိုဒ် ၂ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို အားကစားနဲ့ ယဉ်ကျေးမှုကော်မတီက အတည်ပြုပြဋ္ဌာန်းထားပါတယ်။ ထိုနည်းတူစွာပဲ သယံဇာတ ကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က မူလပြဋ္ဌာန်းချက်အတိုင်း ပြဋ္ဌာန်းဖို့ တင်ပြထားပါတယ်။ ဒါ့ကြောင့် အားကစားနဲ့ ယဉ်ကျေးမှုကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်ရန်ရှိပါသလား။ ဒီကန့်ကွက်ချက် သည် ဦးသိန်းညွန့်ရဲ့ ပြင်ဆင်ချက်အဆိုကို ထောက်ခံတဲ့သဘောသက်ရောက်ပါတယ်။ ဒါ့ကြောင့် ဦးသိန်းညွန့်ရဲ့အဆိုကို ထောက်ခံပြီး၊ အားကစားနဲ့ယဉ်ကျေးမှုရဲ့အဆိုကို ကန့်ကွက်ရန်ရှိက လွှတ်တော် ကိုယ်စားလှယ်များ မတ်တပ်ရပ်နိုင်ပါတယ်။ ဦးသိန်းညွန့် တစ်ယောက်ထဲပဲရှိပါတယ်။ ဒါ့ကြောင့် အားကစားနဲ့ ယဉ်ကျေးမှုကော်မတီရဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက် အတည်ဖြစ် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ အမှတ်စဉ် ၃ ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်ကို အမျိုးသား လွှတ်တော်က ပယ်ဖျက်ထားပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းလို့ ဖော်ပြထားတဲ့အတွက် ပယ်ဖျက်တယ်လို့ သဘောသက်ရောက် ပါတယ်။ ဥပဒေကြမ်းကော်မတီ သဘောထားမှန်ပါသလား။ ဦးသိန်းညွန့်ကတော့ မူလပြဋ္ဌာန်းချက် အတိုင်းဟု ဖော်ပြထားပါတယ်။ ဒါ့ကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း ဥပဒေ ကြမ်းကော်မတီရဲ့ တင်ပြချက်ကို ကန့်ကွက်ရင် ဦးသိန်းညွန့်ရဲ့အဆိုကို ထောက်ခံမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ရှင်းအောင်ထပ်ပြီးတင်ပြပါ့မယ်။ ဒီလိုကန့်ကွက်တဲ့အခါမှာ ဦးသိန်းညွန့်ရဲ့ အဆိုကိုထောက်ခံမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်ကို ကန့်ကွက်ရန်ရှိပါက မတ်တပ်ရပ်ပါ။ ဦးသိန်းညွန့်တစ်ယောက်ထဲပဲ ကန့်ကွက်ရန်ရှိတဲ့အတွက် ဥပဒေ ကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄ ဖြစ်ပါတယ်။ အားကစားနဲ့ယဉ်ကျေးမှုကော်မတီက ပြည်သူ့ လွှတ်တော်ရဲ့ ပြင်ဆင်ချက်ဖြင့် နည်းနည်းလေးရှည်တဲ့အတွက် ကျွန်တော်ဖတ်ကြားပြပါမယ်။ ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ကဖြစ်စေ၊ အမိန့်ညွှန်ကြားချက်ဖြင့် လုံခြုံရေး အဆင့်အတန်းသတ်မှတ်ထားသော စာရင်းဇယား၊ သတ်ပုံ၊ မှတ်တမ်းရေးသားချက်များမှအပ အများ ပြည်သူသိရှိခွင့်ရှိသော သတင်းအချက်အလက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများထံမှ တောင်းယူ

ကြည့်ရှုခွင့်ရှိသည်ဟု အားကစားနဲ့ယဉ်ကျေးမှုကော်မတီက ပြင်ဆင်အဆိုပြုထားပါတယ်။ ဒီပြင်ဆင်အဆိုပြုမှုကို လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် အားကစားနဲ့ ယဉ်ကျေးမှုကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅ ဖြစ်ပါတယ်။ အားကစားနဲ့ ယဉ်ကျေးမှုကော်မတီက အမှတ်စဉ် ၅ ပုဒ်မ ၈ ပုဒ်မခွဲ(က) အဖြစ် ကျင့်ဝတ်နှင့်အညီ မိမိအမည်ကို ထုတ်ဖော်ပြောဆို၍ သတင်းရယူရမည်။ သို့ရာ တွင် အများပြည်သူနှင့် သက်ဆိုင်သောကိစ္စရပ်များဖြစ်သည့် ပြည်သူ့ကျန်းမာရေး၊ ပြည်သူတို့၏ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက်စေသောကိစ္စရပ်များ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် လူမှုရေးဆိုင်ရာဆောင်ရွက်ချက်များတွင် မမှန်မကန်ဆောင်ရွက်မှုများ၊ အကျင့်ပျက်ခြစားမှုများကိုဖော်ထုတ်ရန် မဖြစ်မနေစုံစမ်းရမည့်သတင်းဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာအယ်ဒီတာ၏ ခွင့်ပြုချက်ဖြင့် အမည်မဖော်ပြဘဲ စုံစမ်းခွင့်ရှိပြီး ထိုသို့ဆောင်ရွက်ခဲ့ကြောင်းကို ဖော်ပြပေးရမည်။ ဥပဒေကြမ်းကော်မတီက အဆိုပြုထားပါတယ်။ သဃ်န်းကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့်ကတော့ မူလပြဋ္ဌာန်းချက်အတိုင်းလို့ ပြင်ဆင်အဆိုပြုထားပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဒီအပိုဒ်ကို ကျွန်တော်ပြင်ဆင်ချက် ၇ ချက်ထဲက ၃ ချက်ကို ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးကို မနက်ကတည်းက ကျွန်တော်ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း တင်ပြထားပါတယ်။ ဒါ့ကြောင့် ဒီအပိုဒ်ဟာ ကျွန်တော်ရုပ်သိမ်းပြီးသွားပါပြီ။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် အားကစားနဲ့ ယဉ်ကျေးမှုကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အားကစားနဲ့ ယဉ်ကျေးမှုကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက အမှတ်စဉ် ၆ အခန်း ၅ ပုဒ်မ ၁၁ ကို သတင်းမီဒီယာလုပ်ငန်းလုပ်ကိုင်လိုသူသည် လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် သို့မဟုတ် လုပ်ငန်းလိုင်စင်ရယူရမည်ဟု ပြင်ဆင်အဆိုပြုထားပါတယ်။ ဒီပြင်ဆင်အဆိုပြုမှုကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၇ ဖြစ်ပါတယ်။ အားကစားနဲ့ ယဉ်ကျေးမှုကော်မတီက ကောင်စီသည် သတင်းမီဒီယာသမားများနှင့် စပ်လျဉ်း၍ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းဖြစ်သည်ဟု ပြင်ဆင်အဆိုပြုထားပါသည်။ သယ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်ကတော့ မူလပြဋ္ဌာန်းချက်အတိုင်းဖြစ်ပါတယ်။ ဒါ့ကြောင့် အားကစားနဲ့ ယဉ်ကျေးမှုကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက်မယ်ဆိုရင် ဦးသိန်းညွန့်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို ထောက်ခံမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အားကစားနဲ့ ယဉ်ကျေးမှုကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ဦးသိန်းညွန့် တစ်ယောက်ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ အားကစားနဲ့ ယဉ်ကျေးမှုကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၈၊ ဥပဒေကြမ်းကော်မတီက အမှတ်စဉ် ၈ ပုဒ်မ ၁၄ ပုဒ်မခွဲ(ခ) ပုဒ်မခွဲ(က)အရ ရွေးချယ်တင်မြှောက်သည့် ကောင်စီဝင်များ၏ အမည်စာရင်းကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံတင်ပြရမည်ဟု ပြင်ဆင်အဆိုပြုထားပါတယ်။ ဒီပြင်ဆင်အဆိုပြုမှုကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄ အမှတ်စဉ် ၉ ဖြစ်ပါတယ်။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေက အမှတ်စဉ် ၉ အခန်း (၆) ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)ကို သတင်းမီဒီယာလုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှ တင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများနှင့်ညှိနှိုင်းခြင်း ဟု ပြင်ဆင်အဆိုပြုထားပါတယ်။ ဒီအဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၀ အခန်း (၇) ပုဒ်မ ၁၉ ဥပဒေကြမ်း ကော်မတီက အပိုဒ်ခွဲ(က) ပြည်ထောင်စုအစိုးရအဖွဲ့မှ ထောက်ပံ့ငွေ ဟု ပြင်ဆင်အဆိုပြုထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၁ ပုဒ်မခွဲ (ခ)ကို ဥပဒေကြမ်းကော်မတီက ပြည်တွင်းပြည်ပ စေတနာရှင်များ၏ လှူဒါန်းငွေများဟု ပြင်ဆင်အဆိုပြုထားပါတယ်။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က မူလပြဋ္ဌာန်းချက်အတိုင်းဟု ပြင်ဆင်အဆိုပြုထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကိုကန့်ကွက်ရင် ဦးသိန်းညွန့်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို ထောက်ခံမှာ ဖြစ်ပါတယ်။ ဒါကြောင့်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် လွှတ်တော်ကကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်ကဦးသိန်းညွန့်ကန့်ကွက်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြည်တွင်းပြည်ပ စေတနာရှင်များရဲ့ လှူဒါန်းငွေအတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၂။ ဥပဒေကြမ်းကော်မတီက အပိုဒ်ခွဲ(ဂ) အဖြစ် နိုင်ငံတကာအဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ထောက်ပံ့ကူညီမှုများဟု ပြင်ဆင်အဆိုပြုထားပါ တယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိသည့်အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၃။ ဥပဒေကြမ်းကော်မတီက နစ်နာသောဌာန၊ အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်သည် သတင်းမီဒီယာသမားတစ်ဦးက ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့် ကျင့်ဝတ်၊သိက္ခာတစ်ရပ်ကို ချိုးဖောက်ကြောင်းယူဆလျှင် ရှေးဦးစွာ ကောင်စီသို့ တိုင်ကြားနိုင်သည်ဟု ပြင်ဆင်အဆိုပြုထားပါတယ်။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က မူလအတိုင်းဟုပြင်ဆင် အဆိုပြုထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုမှုအား ကန့်ကွက်လျှင် ဦးသိန်းညွန့်ရဲ့ အဆိုကိုထောက်ခံမှာဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီမူလပြဋ္ဌာန်း ချက်အတိုင်းပြင်ဆင်ဖို့ကို ပြန်လည်ရုပ်သိမ်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅။ အမှတ်စဉ် (၁၄) အားကစားနှင့်ယဉ်ကျေးမှုကော်မတီက ပုဒ်မ ၆ ပုဒ်မခွဲ(ဂ) အရ အများပြည်သူသိရှိခွင့်ရှိသော သတင်းအချက်အလက်များကို တောင်းယူကြည့်ရှု ရာတွင် ငြင်းဆန်ခြင်း၊ အချိန်ဆွဲခြင်း(သို့မဟုတ်)သတင်းယူသူအား နှောက်ယှက်ခြင်းတို့မဖြစ်စေရန်

သက်ဆိုင်ရာတာဝန်ရှိသူက စီစဥ်ဆောင်ရွက်ပေးရမည်ဟု ပြင်ဆင်အဆိုပြုထားပါတယ်။ ဒီပြင်ဆင်အဆိုပြုမှုအား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အားကစား၊ ယဥ်ကျေးမှုကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဥ် ၁၅။ ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်းဖော်ပြထားပါတယ်။ အမျိုးသားလွှတ်တော်က ပယ်ဖျက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဥ် ၁၆။ အားကစားနှင့်ယဥ်ကျေးမှုကော်မတီက (က)မည်သည့်သတင်းမီဒီယာသမားများမဆို ပုဒ်မ ၉ ပုဒ်မခွဲ(ခ)ပါ တာဝန်နှင့်ကျင့်ဝတ်တစ်ရပ်ရပ်ဖြင့် ပြစ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိ ချမှတ်ရမည်ဟု ပြင်ဆင်အဆိုပြုထားပါတယ်။ ဒါသည် အပိုဒ်(က) ဒါအကျုံးဝင်ပါတယ်။ ဒီအပိုဒ်(က) အတွက်အားကစားနှင့်ယဥ်ကျေးမှုကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အားကစား၊ ယဥ်ကျေးမှုကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အမှတ်စဥ် ၁၆ အပိုဒ်(က) အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ စာမျက်နှာ ၆။ အခန်း (၉) ပုဒ်မ ၂၆ ကို အားကစားနှင့်ယဥ်ကျေးမှုကော်မတီက (ခ) မည်သည့်သတင်းမီဒီယာသမားများမဆို ပုဒ်မ ၉ ပုဒ်မခွဲ(ဃ)နှင့် ပြန်တင်ပြပါမယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်ဖြင့် အားကစားနှင့်ယဥ်ကျေးမှုကော်မတီက အပိုဒ်ခွဲ(ခ) မည်သည့် သတင်းမီဒီယာများမဆို ပုဒ်မ ၉ ပုဒ်မခွဲ(ဃ)ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)တို့ပါတာဝန်နှင့် ကျင့်ဝတ်တစ်ရပ်ရပ်ဖြင့် ပြစ်မှုကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံးကျပ် သုံးသိန်းမှ အများဆုံးကျပ် တစ်ဆယ်သိန်းအထိ ချမှတ်ရမည်ဟု ပြင်ဆင်အဆို ပြုထားပါတယ်။ ဒါကြောင့် အားကစားနှင့် ယဥ်ကျေးမှုကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အားကစားနှင့် ယဥ်ကျေးမှုကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၇။ ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် အတိုင်းအဆိုပြုထားပါတယ်။ အမျိုးသားလွှတ်တော်ကလည်း မူလပြဋ္ဌာန်းချက်ကို ပယ်ဖျက်ထား ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၈။ အားကစားနှင့်ယဉ်ကျေးမှုကော်မတီက ပယ်ဖျက်သည်ဟု ပြင်ဆင်အဆိုပြုထားပါတယ်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ကလည်း မူလပြဋ္ဌာန်းချက်အတိုင်း ဖော်ပြထားပါတယ်။ ဒါ့ကြောင့်အားကစားနှင့် ယဉ်ကျေးမှုကော်မတီသည် မူလပြဋ္ဌာန်းချက်ကိုပယ်ဖျက် သည်ဟု အဆိုပြုပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ အားကစားနှင့်ယဉ်ကျေးမှုကော်မတီရဲ့ ပြင်ဆင် အဆိုပြု ချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အားကစားနှင့် ယဉ်ကျေးမှုကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၉။ အားကစားနှင့်ယဉ်ကျေးမှုကော်မတီက ပယ်ဖျက်ဖို့ပြင်ဆင် အဆိုပြု ထားပါတယ်။ အဓိပ္ပါယ်မှာ မူလပြဋ္ဌာန်းချက်ကိုပယ်ဖျက်သည်ဟု အဓိပ္ပာယ်ရရှိပါတယ်။ ဒါ့ကြောင့် အားကစား၊ ယဉ်ကျေးမှုကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အားလွှတ်တော်က ကန့်ကွက်ရန်ရှိပါ သလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အားကစား၊ ယဉ်ကျေးမှုကော်မတီရဲ့ ပြင်ဆင် အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၇။ အမှတ်စဉ် ၂၀ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ဖို့ အဆိုပြုထားပါတယ်။ မူလပြဋ္ဌာန်းချက်ကို ပယ်ဖျက်ရန်အဓိပ္ပါယ်သက်ရောက်ပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက် ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ဖြင့် (ခ) ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါက တရားရုံး သို့တိုက်ရိုက် လျှောက်ထားထွက်ဆိုနိုင်သည်ဟု ပြင်ဆင်အဆိုပြုထားပါတယ်။ ဥပဒေကြမ်းကော်မတီ ရဲ့ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိ

တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမြင့်ဆွေက ပယ်ဖျက်ရန်အဆိုပြုထားပါတယ်။ မူလပြဋ္ဌာန်းချက်ကို ပယ်ဖျက်သည်ဟုအဓိပ္ပါယ်သက်ရောက်ပါတယ်။ ဒါ့ကြောင့် ဦးမြင့်ဆွေ ဒိုက်ဦးရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမြင့်ဆွေ၊ ဒိုက်ဦးရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက အမှတ်စဉ် ၂၃ ပုဒ်မ ၃၅ ပုဒ်မခွဲ(ခ)ကို သက်တမ်းကုန်ဆုံးပြီးဆက်လက်၍ လုပ်ငန်းလုပ်ကိုင်လိုပါက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ သက်တမ်းတိုး၍ ဆက်လက်လုပ်ကိုင်ခွင့်ရှိသည်ဟု ပြင်ဆင်အဆိုပြုထားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၈ ဖြစ်ပါတယ်။ ဒါ့ကြောင့်ကျွန်တော်ပြန်ပြီးတင်ပြပါမယ်။ အမှတ်စဉ် ၂၃ က စာမျက်နှာ ၇ နှင့်စာမျက်နှာ ၈ တစ်ဆက်တည်းဖြစ်ပါတယ်။ စာမျက်နှာ ၇ မှာတော့ ဥပဒေကြမ်းကော်မတီက သက်တမ်းကုန်ဆုံးပြီး ဆက်လက်၍ လုပ်ငန်းလုပ်ကိုင်လိုပါက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သက်တမ်းတိုး၍ ဆက်လက်လုပ်ကိုင်ခွင့်ရှိသည်ဟု ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုထားပါတယ်။ ဒီပုဒ်မကိုပဲ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က မူလပြဋ္ဌာန်းချက်အတိုင်း ဖော်ပြထားပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ အဲ့ဒီပြင်ဆင်ချက်ကိုလည်း ကျွန်တော်ပြန်လည်ရုပ်သိမ်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ရုပ်သိမ်းတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်အတည်ဖြစ်ကြောင်းထပ်လောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မက သတ်ပုံလေးတစ်လုံးပြင်ချင်ပါတယ်။ ကန့်လန့်ပြတ်ဇယားစာမျက်နှာ ၁ က အမှတ်စဉ် ၂ အခန်း (၁) ပုဒ်မ ၂ (က) မှာ သတင်းမီဒီယာဆိုသည်မှာဆိုတဲ့အပိုဒ် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်မှာ အဲ့ဒီမှာ ၇ ကြောင်းမြောက်မှာ အရုပ်၊ ရုပ်သံ၊ ကိန်းဂဏန်းအချက်အလက် ရုပ်ပုံဒီဇိုင်းစသည့် အသွင်သဏ္ဍာန်ဆိုတာဟာ

သဏ္ဍာန်ဟာ ဏအောက်မှာ ဍခံထားပါတယ်။ တစ်ကယ်တော့ ဏအောက်မှာ ဌခံရမှာဖြစ်ပါတယ်။ ဏအောက်မှာ ဍခံတာဟာ မဏ္ဍပ်တို့ မဏ္ဍိုင်တို့မှာပဲသုံးပါတယ်။ ဏအောက်မှာ ဌခံခြင်းသည် ပုံသဏ္ဌာန်ကိုဆိုလိုတာဖြစ်ပါတယ်။ ဒီနေရာမှာ ပုံသဏ္ဌာန်ကိုပဲဆိုလိုတာဖြစ်တဲ့အတွက်ကြောင့် ဏအောက်မှာ ဌပဲလို့ ကျွန်မပြင်ဆင်လိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သတ်ပုံပြင်ခြင်းဖြစ်ပါတယ်။ အခု ကိုယ်စားလှယ်ဒေါက်တာဒေါ်အေးမြင့် သတ်ပုံနှင့်ပတ်သက်လို့ ပြင်ဆင်အဆိုပြုမှုကို လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ မရှိတဲ့အတွက် စာမျက်နှာ ၁ အမှတ်စဉ် ၂ ဒေါက်တာဒေါ်အေးမြင့်တင်ပြတဲ့ သဏ္ဍာန်ဆိုတဲ့အရေးအသားမှာ ဏအောက်မှာ ဆရာမကြီး ဌ ပါနော်။ ဌ ဖြစ်ပါတယ်။ ဒါကိုပြန်လည်ပြင်ဆင်ရိုက်နှိပ်ပြီး ဆောင်ရွက်ဖို့လို့ပါတယ်။ ဒီပြင်ဆင်ချက်ကို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ သတင်းမီဒီယာဥပဒေကြမ်းကို လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်း မပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို ဝန်ကြီးဌာနရဲ့ အဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ် ပါတယ်။ ဒီနေရာမှာ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်အတိုင်းဆိုတဲ့နေရာမှာ ဒီလိုရေးသားထားတော့လည်း ဒီဥပဒေ ကြမ်းကိုအမျိုးသားလွှတ်တော်က လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ စတင်အဆိုပြုထားတယ်ဆိုလို့ ရှိရင် ဝန်ကြီးဌာနရဲ့ အဆိုပြုချက်အတိုင်းမဟုတ်ဘဲနဲ့ သက်ဆိုင်ရာကိုယ်စားလှယ်၏ အဆိုပြုချက် အတိုင်း အတည်ပြုမှာဆိုတဲ့ စကားလုံးပြန်လည်ရေးသားဖော်ပြဖို့ဖြစ်ပါတယ်။ ဒီနေရာမှာလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကို တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် သတင်းမီဒီယာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထား သည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ လွှတ်တော်သို့ပေးပို့လာတဲ့ သတင်း မီဒီယာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးမျိုးသန့်၊ ရေတာရှည်မဲဆန္ဒနယ်က ၂၀၁၃ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း အချိန်အခါမဟုတ်မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်များနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်မြို့နယ်များ၌ ကျေးရွာအချို့ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများထိခိုက်ဆုံးရှုံးမှုများရှိခဲ့ကာ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်း များနှင့် သီးနှံစိုက်ခင်းများပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ရေဘေးအန္တရာယ်ကျရောက်နေသည့် ပြည်သူများ မူလအခြေအနေသို့အမြန်ဆုံး ပြန်လည်ရောက်ရှိရေး ပြည်ထောင်စုအစိုးရမှ အထူးအစီအစဉ် တစ်ရပ်အဖြစ်ထိရောက်သည့် ပံ့ပိုးမှု၊ ကူညီဆောင်ရွက်မှုများအမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးနိုင်ရေးနှင့်တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေနှင့် ဆက်စပ်ဥပဒေများ၊ အမိန့်ကြော်ငြာစာများ အလျင်အမြန်ထုတ်ပြန်ရေး အဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃အရ အရေးတကြီးကိစ္စတစ်ရပ်ကိုဆွေးနွေးရန် ဦးမျိုးသန့်၊ ရေတာရှည်မဲဆန္ဒနယ်က ဥက္ကဋ္ဌထံ စာဖြင့်ရေးသားလက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်ဖြင့် တင်ပြလာပါတယ်။ အဆိုမှာ ၂၀၁၃ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်မြို့နယ်များ၌ ကျေးရွာအချို့ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများ ထိခိုက်ဆုံးရှုံးမှုများရှိခဲ့ကာ စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများ၊ စပါးခင်းများနှင့်သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုများ ရေဘေးအန္တရာယ်ကျရောက် နေသည့်ပြည်သူများ မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိရေး ပြည်ထောင်စုအစိုးရမှ အထူးအစီအစဉ်ဖြင့်ထိရောက်သည့် ပံ့ပိုးမှု၊ ကူညီစောင့်ရှောက်မှုများအမြန်ဆုံး စီစဉ်ဆောင်ရွက်ပေး နိုင်ရေးနဲ့ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေ နဲ့ ဆက်စပ်ဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အလျင်အမြန်ထုတ်ပြန်ရေးအဆိုကို အရေးတကြီး တင်ပြလာတာရှိပါတယ်။ ဒီလိုတင်ပြတဲ့နေရာမှာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ဟု လွဲမှားစွာတင်ပြ

ဖော်ပြထားကြောင်း ထပ်လောင်းနှုတ်ဖြင့်တင်ပြထားပါတယ်။ အမှန်မှာ နေပြည်တော်၊ ဇေယျာသီရိ မြို့နယ်ဖြစ်ပါတယ်။ ဒါ့ကြောင့် ဦးမျိုးသန့်၊ ရေတာရှည်မဲဆန္ဒနယ်မှ အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးသန့်(ရေတာရှည်မဲဆန္ဒနယ်)။** ။ လေးစားအပ်ရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့်ဖြစ်ပါတယ်။ ကျွန်တော့်အဆိုရဲ့ အကျိုးအကြောင်းဖော်ပြချက်ကို ကျွန်တော်အနည်းငယ်လေးပဲတင်ပြပါမယ်။ တင်ပြတဲ့နေရာမှာလည်း Power Point သုံးစွဲပြီးတင်ပြရမှာဖြစ်တဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှ ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်။ လွန်ခဲ့တဲ့ အောက်တိုဘာလ ၂၉၊ ၃၀၊ ၃၁ ရက်နေ့များမှာ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှာ အချိန်အခါမဟုတ်ဘဲနဲ့ မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းခဲ့ပြီးတော့ မန္တလေးတိုင်းဒေသကြီး ပေါင်းလောင်းမြစ်ရေလျှံခြင်းကြောင့် နေပြည်တော် ကောင်စီနယ်မြေ၊ ဇေယျာသီရိ၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်များရှိ ကျေးရွာအချို့ရေနစ်မြုပ်ခဲ့ရပါတယ်။ ရေနစ်မြုပ်မှုကြောင့် ဇေယျာသီရိမြို့နယ်အတွင်း လူဦးရေ ၄၈၅ ဦး ရေဘေးဒုက္ခခံစားခဲ့ကြရပြီးတော့ လယ်မြေ ၃၆၇.၇၂ ဧက နှင့် ယာမြေ ၃၅၆.၁၅ ဧက ရေနစ်မြုပ်၍ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ဇေယျာသီရိမြို့နယ်တွင်းမှာလည်း ယာယီကယ်ဆယ်ရေးစခန်း ၂ ခုဖွင့်လှစ်ပြီး ရေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက်ထားကြောင်းလည်း သိရှိရပါတယ်။ ပျဉ်းမနားမြို့နယ်အတွင်းမှာ ရေဘေးသင့်အိမ်ထောင်စု လူဦးရေ ၄၅၁ ဦးရှိပြီးတော့ လယ် ၇၂၇.၅ ဧကနှင့် ယာမြေ ၉၃၁.၅ ဧကတို့ပျက်စီးဆုံးရှုံးခံခဲ့ရပါတယ်။ ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်း ၂ ခုဖွင့်လှစ်ပြီး ကူညီစောင့်ရှောက်ထားကြောင်းလည်းသိရပါတယ်။ လယ်ဝေးမြို့နယ်မှာ အိမ်ခြေ ၃၅၅ အိမ်၊ လူဦးရေ ၁၅၆၈ ဦး ရေဘေးဒုက္ခခံစားခဲ့ရပြီး လယ်ယာမြေဧက ၅၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ လယ်ဝေးမြို့နယ်အတွင်း ယာယီကယ်ဆယ်ရေးစခန်းတစ်ခုဖွင့်လှစ်ပြီး ရေဘေးသင့်ပြည်သူများအားကူညီစောင့်ရှောက်ထားကြောင်း သိရှိရပါတယ်။

အလားတူပဲ ပဲခူးတိုင်းဒေသကြီးအတွင်း စစ်တောင်းမြစ်ရေလျှံမှုကြောင့် ရေနီ၊ သာဂရ၊ ဆွာ၊ ရေတာရှည်၊ တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်စတဲ့မြို့နယ်များရှိ ကျေးရွာအချို့ဟာ ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရပါတယ်။ ထိုကဲ့သို့ ရေနစ်မြုပ်မှုများကြောင့် တောင်ငူမြို့ပေါ်ရှိ အနိမ့်ပိုင်းရပ်ကွက်များနှင့် စစ်တောင်းမြစ်ကမ်းအနီးရှိ ကျေးရွာများမှ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရပါတယ်။ အောက်တိုဘာလ ၃၁ ရက်ထိ အိမ်ထောင်စုပေါင်း ၂၇၀၁ စုမှ ရေဘေးသင့်ပြည်သူ ၁၀၈၄၆ ဦးအား ရေဘေးသင့်ကယ်

ဆယ်ရေးစခန်း အခု ၃၀ ဖွင့်လှစ်ပြီးတော့ ကူညီစောင့်ရှောက်ထားကြောင်းလည်းသိရပါတယ်။ ရေဘေးသင့်ပြည်သူများ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန်၊ ဆီများ ပေးအပ်လှူဒါန်းထောက်ပံ့ထား လျက်ရှိပြီးတော့ တောင်ငူမြို့နယ် အထောက်အကူပြုအဖွဲ့ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင် အဖွဲ့များမှ ထမင်းထုပ်များ၊ ဆန်၊ ဆီနှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ ရေသန့်ဘူးများစသည့် ထောက်ပံ့ ပစ္စည်းများကို ထောက်ပံ့လျက်ရှိပြီးတော့ တောင်ငူခရိုင် ကျန်းမာရေးဦးစီးဌာနလည်း ရေဘေး ကယ်ဆယ်ရေးစခန်းများမှာ သူနာပြုဆရာ၊ ဆရာမများထားရှိပြီးတော့ ကျန်းမာရေးစောင့်ရှောက်ပေး လျက်ရှိကြောင်း သိရပါတယ်။ ရေကြီးမှုကြောင့် တောင်ငူမြို့ပေါ်ရှိ အ.ထ.က (၁)အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း ၂ ကျောင်းအပါအဝင် ကျောင်း ၃၃ ကျောင်းအား ယာယီပိတ်ထားကြောင်း သိရ ပါတယ်။ ကျေးရွာပေါင်း ၁၄ ရွာမှ လယ်ယာမြေဧက ၁၁၅၄၆ ဧက ရေကြီးနစ်မြုပ်ခဲ့ရကြောင်း သိရပါ တယ်။ အလားတူပဲ ရေတာရှည်မြို့နယ် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် ကျေးရွာပေါင်း ၅၁ ရွာအထိ ရေကြီးမှုကြုံတွေ့ခဲ့ရပြီး သာဂရမြို့မှာ ရေဘေးကယ်ဆယ်ရေးစခန်း ၄ ခု၊ ဆွာမြို့မှာ ကယ်ဆယ်ရေး စခန်း ၄ ခု၊ ရေတာရှည်မြို့မှာ ကယ်ဆယ်ရေးစခန်း ၃ ခုဖွင့်လှစ်ထားရကြောင်း သိရပါတယ်။ ရေတာရှည်မြို့နယ်တွင် ကျေးရွာပေါင်း ၅၁ ရွာ၊ အိမ်ထောင်စုပေါင်း ၅၀၄၀ စု၊ လူဦးရေ ၁၉၀၅၉ ဦး ရေဘေးကြုံခဲ့ရပြီးတော့ လယ်မြေဧက ၁၃၅၈၃ ဧကရေကြီးနစ်မြုပ်ခဲ့ရပြီးတော့ စာသင်ကျောင်းပေါင်း ၄၉ ကျောင်းကိုလည်း ယာယီပိတ်ထားရကြောင်းသိရပါတယ်။ အုတ်တွင်းမြို့နယ်အတွင်းမှာလည်း အိမ်ထောင်စု ၁၀၇၀ စု၊ လူဦးရေ ၄၁၇၇ ဦးရေဘေးကြုံတွေ့ခဲ့ရပြီး ရေဘေးသင့်ပြည်သူများ ရေဘေးသင့်ကယ်ဆယ်ရေးစခန်း ၃ ခုဖွင့်လှစ်ပြီးတော့ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရ ပါတယ်။ ရေကြီးနစ်မြုပ်မှုကြောင့် အုတ်တွင်းမြို့နယ်အတွင်း လယ်မြေဧက ၁၃၅၁၅ ဧကပျက်စီးဆုံးရှုံး ခဲ့ရပါတယ်။

ဒါ့အပြင် ထန်းတပင်မြို့နယ်တွင်လည်း အိမ်ထောင်စု ၂၅၁၀ စု၊ လူဦးရေ ၆၁၂၂ ဦးတို့ကို ရေဘေးဒဏ်ကြုံတွေ့ခဲ့ရပါတယ်။ ရေကြီးနစ်မြုပ်မှုကြောင့် ထန်းတပင်မြို့နယ်အတွင်းမှာ လယ်မြေ ဧက ၁၂၈၉၃ ဧကပျက်စီးနစ်မြုပ်ဆုံးရှုံးခဲ့ရပါတယ်။ ရေနစ်မြုပ်မှုအား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဆိုင်ရာအာဏာပိုင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့နှင့် ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ NGO, INGO အဖွဲ့များမှ အကူအညီများပေးအပ်ခြင်း လိုအပ် သောကျန်းမာရေးစောင့်ရှောက်မှုအထောက်အပံ့များ ပေးအပ်ခြင်းများပြုလုပ်ခဲ့သော်လည်း လိုအပ် သောကူညီထောက်ပံ့မှုများ လိုအပ်နေဆဲဖြစ်ပြီးတော့ ပျက်စီးဆုံးရှုံးသွားတဲ့ လယ်မြေများ၊ ကောက်ပဲ

သီးနှံများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေး ရေဘေးဒုက္ခသည်များမူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် အထောက်အပံ့များလိုအပ်လျက်ရှိပါတယ်။ အထက်ပါ ရေကြီးနစ်မြုပ်တဲ့ ကျေးရွာများဟာ အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းမှုကြောင့် ချောင်း၊ မြောင်းများ ပြည့်လျှံကာ ရေကြီးနစ်မြုပ်ရခြင်းဖြစ်ပြီးတော့ အချို့ကျေးရွာများမှာတော့ ယခင်က ရှိခဲ့တဲ့ ချောင်း၊ မြောင်းများ ပိတ်ဆို့ခြင်း၊ အမြန်လမ်းစီမံကိန်းစသော တခြားစီမံကိန်းလုပ်ငန်းများကြောင့် ရေစီးရေလာ မကောင်းတော့ခြင်း၊ ရေစီးလမ်းကြောင်းများပိတ်သွားခြင်းများတို့ကြောင့် မိုးသည်းထန်စွာရွာသွန်းတိုင်း ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။

သို့ပါ၍ နှစ်စဉ်ရေကြီးနစ်မြုပ်လျက်ရှိသော အဆိုပါကျေးရွာများရှိ ချောင်း၊ မြောင်း၊ ရေနုတ်မြောင်းများအား လိုအပ်သည့်တိုင်းတာမှုများပြုလုပ်၍ ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ပြည်သူများ အထူးသဖြင့် တောင်သူလယ်သမားများရဲ့ ပျက်စီးဆုံးရှုံးမှုများဟာ နိုင်ငံတော်မှထိုက်သင့်သည့် ထောက်ပံ့ကူညီမှုများပြုလုပ်ပေးရန် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေမှာ တိကျစွာပြဋ္ဌာန်းပေးထားပြီးဖြစ်ပါတယ်။ တောင်သူလယ်သမားများ လက်တွေ့ထိရောက်သည့် ချေးငွေ များနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများပြုလုပ်နိုင်ရေးအတွက် ရေးဆွဲနေဆဲဖြစ်တဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများကိုလည်း အမြန်ဆုံးအတည်ပြုပြဋ္ဌာန်းပြီး လိုအပ်သည့်အမိန့်နှင့် ညွှန်ကြားချက်များထုတ်ပြန်နိုင်ရေးအတွက်လည်း တာဝန်ရှိသူများက ဆောင်ရွက်ပေးပါရန် တိုက်တွန်းထည့်သွင်းပြောကြားလိုပါတယ်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်များနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်မြို့နယ်များ၌ ကျေးရွာအချို့ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများ ထိခိုက်ဆုံးရှုံးမှုများရှိခဲ့သည့်အပြင် စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများနှင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ရေဘေးအန္တရာယ်ကျရောက်သည့်ပြည်သူများ မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိရေး ပြည်ထောင်စုအစိုးရမှ အထူးအစီအစဉ်ဖြင့် ထိရောက်သည့်ပံ့ပိုးကူညီမှုများ ကူညီဆောင်ရွက်ပေးပါရန် အရေးကြီးအဆိုနှင့်ဆက်စပ်ပြီး တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေနှင့် ဆက်စပ်ဥပဒေများကို အမိန့်ကြော်ငြာစာများ အလျင်အမြန်ထုတ်ပြန်

ပေးရေးအဆိုကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာသေးမီ အောက်တိုဘာလ နောက်ဆုံးရက်များမှာ အချိန်အခါမဟုတ် ရွာသွန်းခဲ့တဲ့မိုးတွေကြောင့်မို့လို့ ကျွန်တော်တို့ ပေါင်းလောင်းမြစ်နှင့် စစ်တောင်းမြစ်များရေလျှံမှုများကြောင့် နေပြည်တော်ကောင်စီနယ်မြေနဲ့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာဆိုလို့ရှိရင် ကျွန်တော်တို့ ရေတာရှည်၊ တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်မြို့နယ်များမှာ လူဦးရေစုစုပေါင်း ၅၀၀၀၀ ဝန်းကျင်ခန့် ရေဘေးသင့်ပြီးတော့ လယ်မြေဧကအားဖြင့် ၆၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့တာကို တွေ့ရှိရပါတယ်။ ဒီလိုကြီးမားတဲ့ ဆုံးရှုံးမှုတွေဖြစ်နေတဲ့အချိန်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေက ကယ်ဆယ်ရေးစခန်း တွေဖွင့်ပြီးတော့ ထိုက်သင့်တဲ့ လူမှုကူညီမှုထောက်ပံ့ရေး၊ ကယ်ဆယ်ရေးပစ္စည်းများပေးဝေရေးကိစ္စတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ပြည်ထောင်စုအစိုးရအနေဖြင့် အထူးစီမံကိန်းတွေ၊ အထူးအစီအစဉ်တွေချမှတ်ပြီးတော့ ဆောင်ရွက်သင့်ကြောင်းလည်း ကျွန်တော် ဆွေးနွေးလိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံမှာဆိုလို့ရှိရင် တောင်သူလယ်သမားများ၊ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဲဒီဥပဒေမှာ ဆိုလို့ရှိရင်လည်း တောင်သူလယ်သမားတွေကို စိုက်ပျိုးစရိတ်ချေးငွေများ လုံလောက်အောင် တိုးမြှင့်ပေးရေးနှင့် အတိုးနှုန်းသက်သက်သာသာချေးငှားရေး ချေးငွေပြန်ဆပ်တဲ့ကာလကိုလည်း ပိုမိုတိုးမြှင့်ပြီးတော့ ပေးဖို့လို့ပြဋ္ဌာန်းထားတဲ့အပြင် တောင်သူလယ်သမားတွေ အခုကဲ့သို့ သဘာဝဘေးအန္တရာယ် တွေကျရောက်တဲ့အချိန်တိုင်းမှာ ဆုံးရှုံးမှုတွေဖြစ်ပေါ်နေတဲ့အတွက် နိုင်ငံတော်ကနေပြီးတော့ ထောက်ပံ့ကူညီမှုတွေကို ပိုပြီးတော့လုပ်ပေးရန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နည်းဥပဒေတွေ၊ ဥပဒေတွေ၊ အမိန့်၊ ညွှန်ကြားချက်တွေကိုလည်း ဆောလျင်စွာထုတ်ပေးဖို့လိုအပ်ပါတယ်။ ထို့ကြောင့်မို့လို့ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးသန့် တင်သွင်းသွားတဲ့ ၂၀၁၃ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော် ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်များနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်မြို့နယ်များ၌ ကျေးရွာအချို့ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူ

များထိခိုက်ဆုံးရှုံးမှုများရှိခဲ့ကာ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများနှင့် သီးနှံစိုက်ခင်းများပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ရေဘေးအန္တရာယ်ကျရောက်နေသည့် ပြည်သူများ မူလအခြေအနေသို့အမြန်ဆုံးပြန်လည်ရောက်ရှိရေး ပြည်ထောင်စုအစိုးရမှ အထူးအစီအစဉ်များ၊ ထိရောက်သည့် ပံ့ပိုးကူညီဆောင်ရွက်မှုများကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေးနှင့် တောင်သူလယ်သမား အခွင့်အရေးနှင့်အကျိုးစီးပွားရေးနည်းဥပဒေများ လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်များ အမြန်ဆုံးထုတ်ပြန်ရေးတို့အတွက်ဆောလျင်စွာဆောင်ရွက်ပေးပါရန် ဦးမျိုးသန့်၏အဆိုအား ကျွန်တော် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်မှထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နေပြည်တောင်ကောင်စီနယ်မြေမှာ ကျေးရွာအုပ်စုပေါင်း ၁၂ အုပ်စု၊ ဧကပေါင်း ၄၀၀၀ ကျော်နှင့် တောင်ငူခရိုင်မှာ ကျေးရွာအုပ်စုပေါင်း ၉၆ အုပ်စု၊ ကွင်းပေါင်း ၂၇၈ ကွင်း၊ တောင်သူပေါင်း ၁၃၁၉၂ ဦးနှင့် ဦးပိုင်ပေါင်း ၁၇၈၃၃ ဦး၊ ဧကပေါင်း ၅၀၀၀၀ ကျော် ရေကြီးနစ်မြုပ်မှုဖြစ်ခဲ့ပါတယ်။ ဒါကြောင့် အဆိုပါ နယ်မြေများမှာ ပျက်စီးသွားတဲ့ သီးနှံစိုက်ခင်းများကို ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့်အတူ ၂-၁၁-၂၀၁၃ ရက်နေ့မှာ တောင်ငူခရိုင်သို့လည်းကောင်း၊ ၃-၁၁-၂၀၁၃ ရက်နေ့မှာ နေပြည်တော်ကောင်စီနယ်မြေ သက်ဆိုင်ရာကျေးရွာအုပ်စုများသို့လည်းကောင်း ကွင်းဆင်းပြီးတော့ လယ်သမားများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ အမှန်တကယ်ပျက်စီးသွားတဲ့ စိုက်ဧကများကို ကွင်းဆင်းစိစစ်တွက်ချက်ပြီး အချိန်မီပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်တဲ့ ထွန်ယက်ရေးကိစ္စ၊ မျိုးကိစ္စများကို နိုင်ငံတော်အစိုးရသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့များက အမြန်ဆုံးစိစစ်တင်ပြပြီး ကူညီထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊

ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၃၂) ဖြင့် နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီး ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်၍ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ အမိန့်ကြော်ငြာစာများ အမြန်ဆက်လက်အကောင်အထည်ဖော်ရေးဆွဲနိုင်ရေးအတွက် ဦးဆောင်ကော်မတီဖွဲ့စည်းရေးကို အစိုးရအဖွဲ့ကိုတင်ပြခဲ့တဲ့အခါမှာ အစိုးရအဖွဲ့မှ ခွင့်ပြုမိန့်ရရှိပြီးဖြစ်တဲ့အတွက် ရေးဆွဲအကောင်အထည်ဖော်နိုင်ရန်အတွက် ရက်အနည်းငယ်အတွင်းမှာ အစည်းအဝေးခေါ်ယူညှိနှိုင်းဆောင်ရွက်သွားတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးသန့်ရဲ့အဆိုကို အဖွဲ့များအနေဖြင့် နေ့စဉ်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်နေပြီဖြစ်တဲ့အတွက် အဆိုပါအဆိုကို မှတ်တမ်းတင်ထားနိုင်ပါရန် တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးသန့်နှင့် အဆိုကိုထောက်ခံတဲ့ ကိုယ်စားလှယ်တို့ရဲ့သဘောထားပြောပါ။

**ဦးမျိုးသန့်(ရေတာရှည်မဲဆန္ဒနယ်)**။ ။ အခုလို ရှင်းလင်းဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို အထူးပဲကျေးဇူးတင်ပါတယ်။ အများကြီးလည်းကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့က အဆိုနှစ်ရပ်လုံးကိုပူးတွဲပြီးတင်လိုက်တာဖြစ်တဲ့အတွက် နှစ်ရပ်လုံးတစ်ခါတည်းပဲ အောင်မြင်တယ်လို့ပဲ မှတ်ယူရမှာဖြစ်လို့ မှတ်တမ်းတင်ခြင်းကို ဝမ်းမြောက်စွာကြိုဆိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးသန့် တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ဒီအဆိုနဲ့ပတ်သက်လို့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကလည်း အဆိုမှာပါတဲ့အချက်များကို သက်ဆိုင်ရာဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်တဲ့အတွက် မှတ်တမ်းတင်ထားရှိဖို့ ထပ်မံဆွေးနွေးသွားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဦးမျိုးသန့်တင်သွင်းတဲ့အဆိုကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိဖို့အတွက် လွှတ်တော်ရဲ့သဘောထားရယူမှာဖြစ်ပါတယ်။ ဦးမျိုးသန့်တင်သွင်းတဲ့အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ ဒါ့ကြောင့် ဦးမျိုးသန့်တင်သွင်းသော ၂၀၁၃ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်များနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်မြို့နယ်

များ၌ ကျေးရွာအချို့ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများထိခိုက်ဆုံးရှုံးမှုများရှိခဲ့ကာ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများနှင့် သီးနှံစိုက်ခင်းများပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ရေဘေးအန္တရာယ်ကျရောက်နေသည့် ပြည်သူများမူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိရေးအတွက် ပြည်ထောင်စုအစိုးရမှ အထူးအစီအစဉ်တစ်ရပ်အဖြစ် ထိရောက်သည့် ပံ့ပိုးမှု၊ ကူညီဆောင်ရွက်မှုများအမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးရေးနှင့် တောင်သူလယ်သမားများအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေနှင့်ဆက်စပ်ဥပဒေများ အမိန့်ကြော်ငြာစာများ အလျင်အမြန်ထုတ်ပြန်ရေးအဆိုကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၅း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ၁၅း၀၀ နာရီအချိန်တွင် ပြီးဆုံးပါသည်။ ]